mgyoe.com

# သုံးပုံလှေကား

နှင့်

# သုံးပုံတုံတား




ဒီပဲရင်းမြို့မြောက်လက်မုန့်တိုင်ပင်ရွာကျောင်း
"ဝိသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု"
"ဝိသာဘိလင်္ကာရဓဇမဟာဓမ္မရာဇဂုရု"
ဘွဲ့တံဆိပ်တော်နှစ်ထပ်ရ

**မုန့်တိုင်ပင်ဆရာတော်**

ပြန်လည်ရိုက်နှိပ်ခြင်း


mgyoe.com

mgyoe.com

# သုံးပုံလှေကား

နှင့်

# သုံးပုံတံတား



MTP0003

1,800.00 KS

mgyoe.com

သုံးပုံလေ့ကားနှင့်သုံးပုံတံတား၊ မှန်တိုင်ပင်ဆရာတော်
စာမျက်နှာ ၉၉++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၁၇၆၃ ဟံသာဝတီပုံနှိပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# သုံးပုံလောကား နှင့် သုံးပုံတံတား

မုန်တိုင်ပင်ဆရာတော်

မြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


– နိဒါန်း က
– အတ္ထုပ္ပတ္တိ ဂ

သုံးပုံလှေကားကျမ်း

၁။ ရှိခိုးခြင်းပဏာမ ၃
၂။ မြေလှူပ်ကြောင်း ၈ ပါး ၃
၃။ တစ်နည်း မြေလှူပ်ကြောင်း ၈ ပါး ၃
၄။ မြေလှူပ်ကြောင်း ၄ ပါး ၄
၅။ မြေလှူပ်ကြောင်း ၆ ပါး ၄
၆။ ကပ်လာတတ်သောရောဂါ ၁၁ ပါး ၅
၇။ နှိပ်စက်တတ်သောရောဂါ ၁၁ ပါး ၆
၈။ ခန္ဓာငါးရပ် စွဲလာတတ်သော ရောဂါများ ၆
၉။ ၉၆ ပါးရောဂါ ၆
၁၀။ အနာဖြစ်ကြောင်း ၈ ပါး ၆
၁၁။ ၃၂ ဖြာ ကံကြမ္မာ ၇
၁၂။ ဘေး ၂၅ ပါး ၈
၁၃။ ဥပဒ္ဒဝေါ ပါး ၈
၁၄။ အပြစ်ဒဏ် ၁၀ ပါး ၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၅။ | အပြစ် ၈ ပါး | ၉ |
| ၁၆။ | လေပျက်ကြောင်း ၁၀ ပါး | ၁၀ |
| ၁၇။ | သည်းခြေပျက်ကြောင်း ၃ ပါး | ၁၀ |
| ၁၈။ | သလိပ်ပျက်ကြောင်း ၃ ပါး | ၁၀ |
| ၁၉။ | ဝေဒနာဖြစ်ကြောင်း ၈ ပါး | ၁၁ |
| ၂၀။ | သေခြင်းအကြောင်းတရား ၄ ပါး | ၁၁ |
| ၂၁။ | အခါမဲ့သေကြောင်းတရား ၇ ပါး | ၁၁ |
| ၂၂။ | သေခြင်းအကြောင်းတရား ၈ ပါး | ၁၁ |
| ၂၃။ | ဒိဋ္ဌိဖြစ်ကြောင်း ၈ ပါး | ၁၂ |
| ၂၄။ | အဖြေ ၄ ပါး | ၁၂ |
| ၂၅။ | ပုစ္ဆာ ၅ ပါး | ၁၂ |
| ၂၆။ | တစ်နည်း ပုစ္ဆာ ၄ ပါး | ၁၂ |
| ၂၇။ | တစ်နည်း အဖြေ ၅ ပါး | ၁၃ |
| ၂၈။ | ကျောင်းလှူခြင်းအကျိုး | ၁၃ |
| ၂၉။ | တံခွန်လှူခြင်းအကျိုး | ၁၃ |
| ၃၀။ | သဲလှူခြင်းအကျိုး | ၁၄ |
| ၃၁။ | ရန်အောင်ကြောင်း တရား ၅ ပါး | ၁၄ |
| ၃၂။ | တစ်နေ့အတွက် ထွတ်သက်၊ ဝင်သက် | ၁၄ |
| ၃၃။ | ထွက်သက်၊ ဝင်သက် ကာယသင်္ခါရ ဖြစ် မဖြစ် | ၁၄ |
| ၃၄။ | သူတော်ကောင်းတရား ၇ ပါး | ၁၅ |
| ၃၅။ | စားသောက်ရာဝယ် ဆင်ခြင်ဖွယ်တရား ၁၀ ပါး | ၁၅ |
| ၃၆။ | ခရီးခဲ ၅ ပါး | ၁၆ |
| ၃၇။ | မိုးသံကြားရာ ခြားအကွာ | ၁၆ |
| ၃၈။ | သားအပြား ၄ ပါး | ၁၆ |
| ၃၉။ | ကပ္ပဋ္ဌိတိ ၄ ပါး | ၁၆ |
| ၄၀။ | ကောသလအိပ်မက် ၁၆ ချက် | ၁၇ |
| ၄၁။ | အကျိုးစီးပွားဖြစ်ကြောင်း တရား ၆ ပါး | ၁၉ |


mgyoe.com

mgyoe.com

၄၂။ တောင့်တအပ်သော တရား ၄ ပါး ၁၉
၄၃။ အဆွေခင်ပွန်းဖွဲ့ရာ ၃ ပါး ၂၀
၄၄။ နတ်တို့စုတေကြောင်း တရား ၄ ပါး ၂၀
၄၅။ အရပ်ပြစ် ၈ ပါး ၂၀
၄၆။ အသံကြီး ၄ ပါး ၂၁
၄၇။ သည်းမခံခြင်း အပြစ် ၅ ပါး ၂၁
၄၈။ စကားများခြင်းအပြစ် ၅ ပါး ၂၁
၄၉။ စည်းစိမ်ဥစ္စာပြည့်စုံကျိုး ၅ ပါး ၂၁
၅၀။ ကြည်ညိုခြင်း အကျိုး ၅ ပါး ၂၂
၅၁။ ကြည်ညိုဖွယ်ရာပြုလုပ်ခြင်း အကျိုး ၅ ပါး ၂၂
၅၂။ သီလအကျိုး ၅ ပါး ၂၂
၅၃။ ကျောင်းထိုင်ပုဂ္ဂိုလ် ငရဲလားကြောင်းတရား ၅ ပါး ၂၃
၅၄။ ပဋ္ဌာနန္တရိယကံ ၅ ပါး ၂၃
၅၅။ အသံနေအသံထားဖြင့် တရားဟောခြင်း အပြစ် ၅ ပါး ၂၃
၅၆။ စိတ်၏ ဆူးငြောင့်တံသင်းတရား ၅ ပါး ၂၃
၅၇။ စိတ်ကိုနှောင်ဖွဲ့ခြင်း တရား ၅ ပါး ၂၄
၅၈။ လက်နက်ကြီး ၄ ပါး ၂၄
၅၉။ သစ္စာတရား ၆ ပါး ၂၅
၆၀။ ဘုရားကြိမ်းဝါးတော်မူရာ တရား ၄ ပါး ၂၅
၆၁။ သိနိုင်ခဲသော တရား ၅ ပါး ၂၆
၆၂။ အပိုင်းအခြားအနားမရှိသော တရား ၅ ပါး ၂၆
၆၃။ မိန်းမတို့ အားမရနိုင်သည့် တရား ၃ ပါး ၂၆
၆၄။ မပြည့်နိုင်ရာသော တရား ၄ ပါး ၂၇
၆၅။ ဘုန်းတန်ခိုးကြီးကြောင်း ကောင်းမှု ၆ ပါး ၂၇
၆၆။ သာသနာ ၃ ပါး ၂၈
၆၇။ သာသနာ ၃ ပါးပုံ ဥပမာစကား ၂၈
၆၈။ သုံးပါး သာသနာ တွေ့ခဲ့ကြောင်းစကားရပ် ၂၉

mgyoe.com

mgyoe.com
၆၉။ အာနာပါန ကမ္မဋ္ဌာန်းစီးဖြန်းပုံ ၂၉
၇၀။ အာဒါသမုခမင်းသား ဆုံးဖြတ်သော တရား ၁၄ ပါး ၃၀
၇၁။ ကုရုဓမ္မတရား ၅ ပါး စောင့်သူ ၁၁ ယောက် ၃၁
၇၂။ တစ်ကျိပ်တစ်ယောက် ကုက္ကုစ္စဖြစ်ဟန် ၃၂
၇၃။ ပဥ္စသီလကျင့်ခြင်း အကျိုး ၃၂
၇၄။ ဒုသီလ မယား ၃ မျိုး ၃၂
၇၅။ သုသီလ မယား ၄ မျိုး ၃၃
၇၆။ မီး ၃ ပါး ၃၃
၇၇။ ကျက်သရေပြောင်းဟန် ၄ ပါး ၃၃
၇၈။ ကြက်သားသုံးမျိုး စားရကျိုး ၃၄
၇၉။ နတ်သမီး ၄ ယောက် ၃၅
၈၀။ လာဘုပ္ပတ္တိ အကျင့် ၄ ပါး ၃၆
၈၁။ သြဝါဒတည်သော ဇာတ်တော် ၄ ဇာတ် ၃၆
၈၂။ ဆတ္တပါဏိ ပုဏ္ဏားရှင်၏ အင်္ဂါ ၄ ပါး ၃၆
၈၃။ ပရိတ်နာရာ အကျိုးမရကြောင်း ၃ ပါး ၃၇
၈၄။ ပရိတ်ရွတ်ရာ အာနုဘော်မရှိကြောင်း ၃ ပါး ၃၇
၈၅။ စစ်ထိုးနည်း ၃ မျိုး ၃၈
၈၆။ ဘဝတဏှာ အပြစ်များပုံ ၃၈
၈၇။ စကြာမင်းကျင့်ဝတ် ၁၂ ပါး ၃၉
၈၈။ တကာအင်္ဂါ ၉ ပါး ၃၉
၈၉။ ပဏ္ဍုကမ္ဗလာကျောက်ဖျာ ပူခြင်းအကြောင်း ၆ ပါး ၃၉
၉၀။ သူ့မယားပြစ်မှားခြင်းအပြစ် ၄ ပါး ၄၀
၉၁။ မိန်းမတို့ အပါယ်လားကြောင်း တရား ၅ ပါး ၄၀
၉၂။ နတ်တို့စုတေခါနီးနိမိတ် ၅ ပါး ထင်ပုံ ၄၀
၉၃။ ခင်ပွန်းယုတ် လက္ခဏာ ၁၆ ပါး ၄၁
၉၄။ မြို့၊ ရွာ အစာ ၄ ပါး ၄၁
၉၅။ အတတ်ပညာ ၁၂ ပါး ၄၂
mgyoe.com

mgyoe.com

၉၆။ စကြဝဠာ ကမ္ဘာတစ်သိန်း အာဏာနှံ့သော ပရိတ် ၇ သုတ် ၄၂
၉၇။ စတုမဂ္ဂ ၄ ပါး ၄၂
၉၈။ ကဏှာရသေ့၏ဆု ၄ ပါး ၄၃
၉၉။ ဘုရားလောင်းအိပ်မက် ၅ ပါး ၄၃
၁၀၀။ တကာတို့ကုသိုလ်ပွားကြောင်းအင်္ဂါ ၅ ပါး ၄၄
၁၀၁။ အကိုရ၏ အလှူကြီးပေးရာ အမှုဆောင်အဖွဲ့ ၄၄
၁၀၂။ သုဘာသိတဝါစာ အင်္ဂါ ၅ ပါး ၄၄

– နိဂုံး

၁၀၃။ ကျမ်းပြုဆရာ၏ ဇာတိ၊ ပဝတ္တိနှင့် ကျမ်းစီရင်သောခုနှစ် ၄၅
၁၀၄။ ကျမ်းစာ၏ အခြင်းအရာ၊ ဥပမာ၊ ဥယျောဇဉ် ၄၅
၁၀၅။ ကျမ်းပြုဆရာ၏ ဆုတောင်း ၄၆

◆◆◆

သုံးပုံတံတားကျမ်း

၁။ ရှိခိုးခြင်းပဏာမ ၄၉
၂။ နည်းပေါင်း ၂၄၀ ၄၉
၃။ ပဋိစ္စသမုပ္ပါဒ်စက်ဝဲ ၅၁
၄။ ပဋိစ္စသမုပ္ပါဒ်တွင် သောက စသော တရားငါးပါး မပါဝင်ပုံ ၅၁
၅။ အဝွန့် ၃ ပါး ၅၁
၆။ အကြောင်းတရား ၅ ပါး ၅၂
၇။ အကျိုးတရား ၅ ပါး ၅၂
၈။ ဝဋ် ၃ ပါး ၅၂
၉။ အညာနိဗ္ဗာန်ဆန်သင့်ကြောင်း စကားရပ် ၅၂
၁၀။ အသက်ရှည်ကြောင်း တရား ၅ ပါး ၅၃
၁၁။ သမဏသုခ ၅ ပါး ၅၃
၁၂။ ဒုက္ခထာ ၅ ပါး ၅၃

mgyoe.com

mgyoe.com

| | | |
|---|---|---|
| ၁၃။ | အလှူအကျိုးတရား ၅ ပါး | ၅၄ |
| ၁၄။ | တောင့်တမရသော တရား ၅ ပါး | ၅၄ |
| ၁၅။ | ခိုးသူ ၅ ယောက် | ၅၄ |
| ၁၆။ | လုပ်ကျွေးနိုင်ခဲသော သူနာအင်္ဂါ ၅ ပါး | ၅၄ |
| ၁၇။ | သူနာလုပ်ကျွေးထိုက်သူ၏ အင်္ဂါ ၅ ပါး | ၅၅ |
| ၁၈။ | အမျက်ငြိမ်းကြောင်း တရား ၅ ပါး | ၅၅ |
| – | တစ်နည်း–အမျက်ငြိမ်းကြောင်း တရား ၅ ပါး | ၅၅ |
| ၁၉။ | အားထုတ်နိုင်ခြင်း အကြောင်းတရား ၅ ပါး | ၅၆ |
| ၂၀။ | အမြဲဆင်ခြင်အပ်သော အကြောင်းတရား ၅ ပါး | ၅၆ |
| ၂၁။ | ဆင်ခြင်ခြင်း အကျိုးတရား ၅ ပါး | ၅၆ |
| ၂၂။ | မီးလှုံခြင်းအပြစ် ၅ ပါး | ၅၇ |
| ၂၃။ | အနုဂါမိ ဥစ္စာ ၅ ပါး | ၅၇ |
| ၂၄။ | ကုသိုလ် ၅ ပါး | ၅၇ |
| ၂၅။ | စင်္ကြံသွားခြင်း အကျိုးတရား ၅ ပါး | ၅၇ |
| ၂၆။ | စစ်သည်နှင့်တူသော ရဟန်း ၅ ပါး | ၅၈ |
| ၂၇။ | ဗြဟ္မဝိဟာရ တရား ၄ ပါး | ၅၈ |
| ၂၈။ | ဗြဟ္မဝိဟာရပွားပုံ | ၅၈ |
| ၂၉။ | သံဝဏ္ဏနာ ၅ နည်း | ၅၉ |
| ၃၀။ | ပဒသံ ဝဏ္ဏနာ ၈ ပါး | ၅၉ |
| ၃၁။ | လိင်္ဂ ပဒသံ ဝဏ္ဏနာ ၆ ပါး | ၅၉ |
| ၃၂။ | အတ္ထ သံဝဏ္ဏနာ ၉ ပါး | ၅၉ |
| ၃၃။ | လိင်္ဂတ္ထသံဝဏ္ဏနာ ၅ ပါး | ၅၉ |
| ၃၄။ | သံဝဏ္ဏနာ ၅ ပါး | ၆၀ |
| ၃၅။ | ၂ ပါး၊ ၂ ပါးအားဖြင့် သံဝဏ္ဏနာ ၆ ပါး ပြားပုံ | ၆၀ |
| ၃၆။ | သံဝဏ္ဏနာဆစ် ၆ ါ | ၆၀ |
| ၃၇။ | ဆောင်ပုဒ် | ၆၀ |
| ၃၈။ | တရားနာခြင်း အကျိုး ၅ ပါး | ၆၀ |

mgyoe.com

mgyoe.com
၄၉။ သီလညစ်ညူးကြောင်း၊
ဖြူစင်ခြင်းကြောင်းစကားရပ် ၆၁
၅၀။ မေထုန သံယောဇဉ် ၇ ပါး ၆၁
၅၁။ နိကန္တတဏှာနှင့် မေထုနသံယောဇဉ် အပြစ် ၆၁
၅၂။ အကွေ့ာဘိဏီတပ် ၆၂
၅၃။ အခိဋ္ဌာန် ၅ ပါး ၆၂
၅၄။ ဓမ္မတာ အပြား ၃၀ ၆၃
၅၅။ အန္တရာယ် မပြုနိုင်သည့် တရား ၄ ပါး ၆၃
၅၆။ ဘုရားတို့ မစွန့်သောအရပ် ၄ ပါး ၆၄
၅၇။ ပရိနိဗ္ဗာန် ကြွစံတော်မူကြောင်း ၃ ပါး ၆၄
၅၈။ တမန် အင်္ဂါ ၈ ပါး ၆၄
၅၉။ မလိမ္မာ၍ ဘေးတွေ့ပုံနှင့် လိမ္မာ၍ ချမ်းသာပုံ ၆၄
၆၀။ ကြဉ်ရှောင်အပ်သော တရား ၄ ပါး ၆၅
၆၁။ သီလရှိစဉ် အလှူဒါနပြု၍ အကျိုးကြီးပုံ ၆၅
၆၂။ သူဌေးသား ၄ ယောက် အမဲသားတောင်းပုံ ၆၆
၆၃။ နသာဓုတရား ၄ ပါး ၆၇
၆၄။ သူဌေးသမီး ၄ ယောက် ကျိန်ဆိုပုံ ၆၇
၆၅။ တေမိမင်းသား တောထွက်ကြောင်းစကား ၆၈
၆၆။ တေမိမင်းသား အလိုစမ်းခန်း ၆၈
၆၇။ တရားဟောပုဂ္ဂိုလ် နှလုံးသွင်းအပ်သော တရား ၅ ပါး၊ ၆ ပါး ၆၉
၆၈။ တရားဟောပုဂ္ဂိုလ် ပြုကျင့်ရာသော တရား ၅ ပါး ၆၉
၆၉။ ပြုနိုင်ခဲသော တရား ၄ ပါး ၆၉
၇၀။ မရှောင့်ရဲနိုင်သော တရား ၁၆ ပါး ၇၀
၇၁။ မင်းလေးပါး လက္ခဏာရေး ၄ ခုကို အာရုံပြုရုံ
လက္ခဏာရေး သုံးပါးရှုပုံ ၇၁
၇၂။ အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်ပုံ ဥဒါဟရဏ် ၇၁
၇၃။ မင်းကျင့်တရား ၁၀ ပါး ၇၂
mgyoe.com

mgyoe.com

၆၄။ ကံအကျိုးပေးပုံ ၇၂
– ကံ ၁၄ ပါး ဝေဖန်ဟန် ၇၃
၆၅။ သမုဒ္ဒရာမြစ်၏ မှတ်ဖွယ်များ ၇၃
– သမုဒ္ဒရာ ၅ စင်းမှ ရတနာ ၅ ပါး ၇၃
၆၆။ ဒေဝဒတ်သတ်နိုင်သော ဇာတ် ၅ ဇာတ် ၇၄
၆၇။ ဥပါသကာမြတ်၏ အင်္ဂါ ၅ ပါး ၇၄
၆၈။ ဥပါသကာယုတ်၏ အင်္ဂါ ၅ ပါး ၇၅
၆၉။ မရောင်းဝယ်အပ်သော ကုန် ၅ ပါး ၇၅
၇၀။ သုံးပါးရတနာ ကိုးကွယ်ပါ ၇၅
၇၁။ ဥပါသကာတို့ ကျင့်ရာသော တရား ၄ ပါး ၇၅
၇၂။ ခိုးသူကြီး ၅ ယောက် ၇၆
၇၃။ မင်းတို့မကျင့်အပ်သော တရား ၃ ပါး ၇၆
၇၄။ အလှူဝတ္ထု တစ်ခုခုလှူရာ၌ပင် ပါရမီ ၃၀ ပြည့်နိုင်ပုံ ၇၆
၇၅။ ပဝါရဏာ ၄ ပါး ၇၇
၇၆။ သိက္ခာကျကြောင်း စကားရပ် ၇၇
၇၇။ သာဝကဗောဓိ ၃ ပါး ၇၇
၇၈။ နို့ဂဏာဆွမ်း အကျိုး ၁၂ ပါး ၇၇
၇၉။ သူမိုက်တို့ ပျင်းခြင်းအကြောင်း ကုသိတတရား ၈ ပါး ၇၈
၈၀။ သူတော်ကောင်းတို့ အားထုတ်ကြောင်း ဝီရိယာရမ္ဘတရား ၈ ပါး ၇၈
၈၁။ ရသေ့ ၈ မျိုး ၇၈
၈၂။ ပုဏ္ဏားမည်ရာသော အင်္ဂါ ၅ ပါး ၇၉
၈၃။ အလှူဦးရာ ၅ ပါး ၇၉
၈၄။ ဥပသမ္ပဒကံ၏ ပုဗ္ဗကိစ္စ ၈ ပါး ၇၉
၈၅။ စကြာမင်း၏ တန်ခိုး ၄ ပါး ၈၀
၈၆။ အင်္ဂါဇာတ်ခိုင်ကြောင်း ၅ ပါး ၈၀
၈၇။ ရှင်အာနန္ဒာပညာကြီးကြောင်း တရား ၄ ပါး ၈၀
၈၈။ အဝိဇ္ဇာဥဒ္ဒမှ ပေါက်တော်မူရပုံ ၈၀

mgyoe.com

mgyoe.com


၈၉။ ဇမ္ဗူဒီပကျွန်း မြို့၊ ရွာကျေးလက်အရေအတွက် ၈၁

၉၀။ ကုသိုလ်အကျိုးကြောင့် စည်းစိမ်ပြည့်စုံသော သူဌေးသား ၄ ယောက် ၈၁

၉၁။ အိပ်မက် ၄ မျိုး ၈၂

၉၂။ သရဏဂုံသီလ အကျိုး ၈၂

၉၃။ ရဟန်းမိန်းမတို့ ကျင့်ရသည့် ဂရုဓမ္မတရား ၈ ပါး ၈၂

၉၄။ ဝါဒ ၁၀ ပါး ပြား၍ သံဂါယနာတင်ရကြောင်း ၈၃

၉၅။ လ၊ နေ ညစ်ကြေးကြောင်း ၄ ပါး ၈၃

၉၆။ ရဟန်းတို့ အညစ်အကြေး ၄ ပါး ၈၃

၉၇။ ဗိမ္ဗိသာရမင်းကြီး၏ တောင့်တခြင်း ၅ ပါး ၈၄

၉၈။ တိတ္ထိတစ်ထောင်တို့အား တန်ခိုးပြခန်း ၈၄

၉၉။ သင်္ကန်းဝတ်တိုင်း ဆင်ခြင်သူအား အကျိုး ၈ ပါး ၈၄

၁၀၀။ ကျောင်းကိုမှီဝဲတိုင်း ဆင်ခြင်သူအား အကျိုး ၁၀ ပါး ၈၅

၁၀၁။ ဆွမ်း၊ ပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အင်္ဂါ ၈ ပါး ၈၅

၁၀၂။ ဆေး၊ ပစ္စည်းသုံးဆောင်တိုင်း ဆင်ခြင်သူအား အကျိုး ၂ ပါး ၈၅

– နိဂုံး ၈၇

– အက္ခရာစဉ်အညွှန်း ၉၀


❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# နိဒါန်း

ဤ 'သုံးပုံလေ့ကားကျမ်းနှင့် သုံးပုံ တံတားကျမ်း' ၏ အသွင်အပြင်၊ အဆင်းတန်ဆာ၊ လက္ခဏာကို အကျယ်တဝင့် ဖွင့်ဆိုရေးသားရန် လိုအပ်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ... ၁၉၅၉ ခုနှစ် ဟံသာဝတီပိဋကတ်ပုံနှိပ် တိုက်မှပင် ရိုက်နှိပ်ထုတ်ဝေသော 'သုံးပုံတံချူကျမ်း နှင့် သုံးပုံအိတ်ထောင့်ကျမ်း' တို့၏ အသွင်နှင့် ဆင်ဆင် မပြား ခြားနားလှမည် မဟုတ်သောကြောင့်ပင်တည်း။

ဂန္ထ ကာရက ကျမ်းပြုဆရာ၏ ရည်သန်ချက် ရရှိသော်မူသည့် တံဆိပ်ဘွဲ့ ထူး၊ သီတင်း သုံးတော်မူရာ ဒေသဋ္ဌာန၊ ကြီးမား ခိုင်ကျည်သော ပညာအရည်၊ ဖွားခုနှစ်၊ လွန် ခုနှစ် စသော ကျမ်းမွန် မုခ်ဦးအတွက် လိုအပ်ချက်များကို ယင်းကျမ်း ၏ သဘာဝနိဒါန်း၌ပင် အပြည့်အစုံ၊ အကုံအင ပါရှိပြီး ဖြစ်ပေသည်။ မိုငြမ်း ပြု၍ သိနိုင်ရာသည်။

သို့ရာတွင် 'သုံးပုံ တံချူကျမ်း နှင့် သုံးပုံအိတ်ထောင်ကျမ်း' ထက် ထူးခြား ချက် တစ်ခုကား ရှိပေသည်။ ယင်းသည်ကား ဤ 'သုံးပုံ လေ့ကားကျမ်းနှင့် သုံးပုံ တံတားကျမ်း' သည် ပိဋကတ် သုံးပုံမှ ဥဒါဟရဏ်ပုံစံ သရုပ်ပြတို့ကို ဖော်ထုတ်ရာ တွင် သုတ္တန်နှင့် အဘိဓမ္မာကိုသာ အထူးတလည် အရေးထားကာ လေးစားစွာ နုတ်၊ ကောက်ညွှန်ပြထားခြင်းနှင့် နက်နဲသိမ်မွေ့စွာ သိပ္ပံနည်းကျကျ တင်ပြထား ခြင်းတို့ပင် ဖြစ်ပေသည်။

ခိုင်ကျည်စေရန် ပုံစံတစ်ခုကို တင်ပြရလျှင် သုံးပုံလေ့ကားကျမ်း တစ်နေရာ တွင်–

mgyoe.com

mgyoe.com


"တစ်နာရီမှာ၊ သုံးရာ့ခြောက်ဆယ်၊ ထွက်သက်ဝယ်တည့်၊ တစ်သွယ်ဝင်သက်၊ နည်းတူ တွက်ရှင့်၊ နှစ်ချက်အရ၊ ပေါင်းလိုက်ထမူ၊ ခုနစ်ရာ့ နှစ်ဆယ်၊ တစ်နေ့ဝယ်သော်၊ ပေါ်သည် သုံးထောင်၊ ထို့နောင် နှစ်ရာ၊ လေးသောင်း လာသည်၊ ကျမ်းလာတရား မှတ်လေကား" ဟူ၍–

တစ်နေ့အတွက် ထွက်သက်၊ ဝင်သက် အရေအတွက်ကို အသေးစိတ် သုံးသပ်စိစစ်၍ တင်ပြထားချက်မျိုးတို့ပင် ဖြစ်ပေသည်။

အကယ်ဆိုသော် ... ဤ 'သုံးပုံလှေကားကျမ်း၊ သုံးပုံတံတားကျမ်း' မြတ်မဟာတို့သည် သဗ္ဗ၊ သိပ္ပ မုတစုံစေ့ ကြွေ့ကြွေ့ဖြင့် ပြွမ်းသော 'သုတပဒေသာပင်' ကြီးဆီသို့ လွယ်လင့်တကူ သွားရောက်၍ ခူး၊ ဆွတ်၊ စားသုံးနိုင်ရန်အလို့ငှာ နွှယ်ယှက်ကူးသားပေးသော ပေါင်းကူးလှေကား၊ ပေါင်းကူးတံတားများသာ ဖြစ်ပေသတည်း။

မေမြို့ မိုးကြည်
၂၀–၉–၆၂

❖

mgyoe.com

mgyoe.com

# အတ္ထုပ္ပတ္တိ

## ကျမ်းအမည်

မြတ်စွာဘုရားသခင်ဟောတော်မူအပ်သော သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဟူသော သုံးပုံသော ပိဋကတ်တော်သည် အစမှ အဆုံးတိုင် လူတိုင်းလူတိုင်း ကြည့်ရှုလေ့လာနိုင်ဖို့ မဖြစ်နိုင်၊ အဇ္ဈာ ဝေဟင် ကောင်းကင်ပြင်သို့ ရောက်နေသည့် ပမာ အလှမ်းဝေးကွာနေသောကြောင့် လူတိုင်းလူတိုင်း ကြည့်ရှုမှတ်သားနိုင်ကြစေရန် လှေကားသဖွယ် ဤကျမ်းငယ်ကို ရေးသားစီရင်ရကြောင်းကို လည်းကောင်း၊ ထို့ပြင် ၃ ပုံသော ပိဋကတ်တော်သည် တသွင်သွင် တဒီးဒီး စီးဆင်းသော ချောင်း၏ တစ်ဖက်ကမ်းသို့ ရောက်နေသည့်ပမာ အလှမ်းဝေးကွာ နေသဖြင့်လည်း တံတားသဖွယ် ဤကျမ်းငယ်ကို စီရင် ရေးသားရကြောင်းကို လည်းကောင်း ဆရာတော်ကိုယ်တိုင် နိဂုံးတွင် ဆိုထား၏။ ထို့ကြောင့် ဆရာတော် ၏ သုံးပုံတံချူ၊ သုံးပုံအိတ်ထောင်၊ သုံးပုံလှေကား၊ သုံးပုံတံတား ဟူ၍ ကျမ်း ၄ ကျမ်းသည် ပိဋကတ်သုံးပုံကို ငုံမိခြုံမိသော ကျမ်းများ ဖြစ်လေသည်။

## ကျမ်းပြုဆရာတော်

ဤကျမ်းသည် ပြုစုတော်မူသော မုန်တိုင်ပင်ဆရာတော်၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို သုံးပုံ တံချူ၊ သုံးပုံအိတ်ထောင့်ကျမ်းတို့၏ သဘာဝနိဒါန်းတွင် အပြည့်အစုံ အကျယ်တဝင့် ပါရှိနေပြီးဖြစ်၍ ဤ သုံးပုံလှေကား၊ သုံးပုံ တံတား ကျမ်းများ၏ နိဒါန်းတွင်မူ အတိုချုပ်၍ လိုရင်းကိုသာ ပြဆိုလိုပေသည်။

mgyoe.com

mgyoe.com



ကျမ်းပြုအကျော် မုန်တိုင်ပင် ဆရာတော်သည် ကောဇာ သက္ကရာဇ် ၁၁၄၁ ခုဖွား နံတော်ဗုဒ္ဓဟူးသားဖြစ်တော်မူ၏။ ရှင်သာမဏေမဖြစ်မီကပင် မိဘ၊ နှမသားချင်းများနှင့်အတူ လယ်စောင့်၊ ယာဆောင့်အလုပ်၊ ကျွဲကျောင်းအလုပ်များကို လုပ်ခဲ့သည်။ ကျွဲကျောင်းအလုပ်ကို လုပ်စဉ်က ကျွဲပေါ်တွင် စာကျက်ခဲ့သည်။ ကုံလုံကြွယ်ဝသော မိဘတို့မှ ဖွားမြင်သူဖြစ်လျက်လည်း ပေါ်ကြော့မနေ မိဘတို့နှင့် ဒိုးတူပေါင်ဖက် အလုပ်ကိုလည်း လုပ်၏။ သုံးပုံထဲ၌ စိတ်စွဲလှသဖြင့် စာကိုလည်း မျက်နှာလွှဲမရဖြစ်ကြောင်းကို ဆရာတော်ကိုယ်တိုင် နိဂုံးတွင် မိန့်ဆိုထားသည်။

## ရှင်အဖြစ်၊ ရဟန်းအဖြစ်

ဆယ့်ခြောက်နှစ် အရွယ်ရောက်သောအခါ ရှင်သာမဏေ ပြုလုပ်၏။ ရှင်သာမဏေအဖြစ် ၇ ဝါရပြီးမှ ရဟန်းပြုတော်မူသည်။ လူအဖြစ် ၁၆ နှစ်၊ သာမဏေအဖြစ် ၇ နှစ်၊ ၂၃ နှစ်ကျမှ ရဟန်းဘဝ ရောက်ကြောင်း ဆရာတော်ကိုယ်တိုင် ရေးသားသည်ကို တွေ့ရ၏။ ဆရာတော်၏ မယ်တော်မှာ ရဟန်းမခံမီကပင် ကွယ်လွန်ခဲ့၏။ ရဟန်းဝါ ၄ ဝါ ရသောအခါ ဆရာတော်၏ ခမည်းတော်က ကျောင်းဆောက် လှူဒါန်း၍ ပစ္စည်းလေးပါးဖြင့်လည်း ထောက်ပင့်ထား၏။ ကျောင်းဒါယကာလည်းဖြစ်၊ ပစ္စည်း ၄ ပါး ဒါယကာလည်းဖြစ်သော ခမည်းတော်သည် အသက် ၈၂ နှစ်အရောက်တွင် ကွယ်လွန်လေသည်။

## ရာဇဂုရုတံဆိပ် ၂ ထပ်ရ

ကုန်းဘောင်ဆက် အမရပူရမြို့တည်ခန်းသည် ဆဋ္ဌန်ဆင်မင်းသခင် ဘဝရှင် ဘိုးတော်မင်းတရားကြီး လက်ထက်တွင် မင်းတရားကြီး၏ သားတော် အိမ်ရှေ့ ဥပရာဇာက ကိုးကွယ်၍ မင်းတရားကြီးကိုယ်တိုင် **'ဝိသာဘိလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု'** ပထမ ဘွဲ့တံဆိပ်တော်၊ **ဝိသာဘိလင်္ကာရ ဓဇမဟာဓမ္မရာဇာဓိရာဇ ဂုရု ၁၉ လုံးရှိ ဒုတိယ ဘွဲ့တံဆိပ်တော် နှစ်မျိုးဖြင့်** ပူဇော်ဆက်ကပ်ခြင်းကို ခံယူရရှိတော်မူသည်။ အမရပူရမြို့တော်၌ သီတင်းသုံးတော်မူစဉ်အခါ သားတော် အိမ်ရှေ့မင်းကြီးက အဝမြို့အရှေ့တောင်ထောင့် အရပ်တွင် 'မဟာမင်္ဂလာရွှေဘုံ မိုးထိကျောင်း' ဟူသော အမည်ဖြင့် ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်း

mgyoe.com

mgyoe.com



ကိုးကွယ်တော်မူသည်။

**ကျေးလက် သာသနာပြု**

ဆရာတော်သည် အမရပူရမြို့တော်မှ ကျေးလက်ဖြစ်သော ဒီပဲရင်းမြို့ မြောက်လက် မုန်တိုင်ပင် ရွာကျောင်း၌ ပြောင်းရွှေ့သီတင်းသုံးကာ တပည့်တပန်း ရဟန်းသံဃာတို့အား စာပေပို့ချတော်မူ၍ သာသနာပြုတော်မူ၏။ ဒီပဲရင်းမြို့ မြောက်ရွာပေါင်း ခြောက်ဆယ့်လေးရွာရှိ ဂိုဏ်းသံဃာတို့၏ ဩဝါဒါစရိယ ဆရာ တော်အဖြစ်ဖြင့် သာသနာရေးကို ဆောင်ရွက်တော်မူသည်။

**ပြုစုတော်မူသောကျမ်းများ**

၁။ သုံးပုံတံချူကျမ်း (၁၁၉၁) ခု
၂။ သုံးပုံအိတ်ထောင့်ကျမ်း (၁၁၈၆) ခု
၃။ သုံးပုံလှေကား (၁၂၀၃) ခု
၄။ သုံးပုံတံတား (၁၁၀၄) ခု
၅။ စကားပြောကျမ်း
၆။ သဒ္ဒါအတက်ကျမ်း
၇။ ငါးရာ့ငါးဆယ် စကားပြော ဝတ္ထု
၈။ သဒ္ဒါကြီး နိဿယ
၉။ အဘိဓမ္မတ္ထမေဒ ဒီပနီ
၁၀။ ဝိနည်း အဆုံးအဖြတ် စသည်တို့ ဖြစ်၏။

**သက္ကရာဇ်စိစစ်ချက်**

ဆရာတော်၏ ဖွား သက္ကရာဇ်၊ ရဟန်းခံ သက္ကရာဇ်၊ ကျမ်းပြီး သက္ကရာဇ် တို့သည် တစ်ဦးနှင့်တစ်ဦး မညီ ဖြစ်နေ၏။ ဖွားသက္ကရာဇ်ကို ၁၁၀၂ ခုနှစ်ဟု လည်းကောင်း၊ ၁၁၄၀ ခုနှစ်ဟု လည်းကောင်း၊ ရဟန်းခံရာမှာလည်း အချို့က အသက်ပြည့် ဟု လည်းကောင်း၊ အချို့က အသက်လွန် ဟုလည်းကောင်း ကွဲပြား ခြားနားစွာ ဆိုကြသည်။ ဤနေရာ၌ ဆရာတော်ကိုယ်တိုင် သုံးပုံအိတ်ထောင့်ကျမ်း

mgyoe.com

mgyoe.com

နိဂုံးတွင် ပြဆိုထားသည့် စာသာလျှင် အခိုင်အမာယူရန်ရှိသည်။ ထိုနိဂုံးတွင် “၁၆ နှစ်ရောက်မှ ရှင်သာမဏေပြုခဲ့ကြောင်း၊ ရှင်သာမဏေဘဝဖြင့် ၇ ဝါ နေခဲ့ကြောင်း၊ ၂၃ ဝါ ရသောအခါ အသက် ၄၆ နှစ် ရှိပြီဖြစ်ကြောင်း၊ ကောဇာသက္ကရာဇ် ၁၁၆၈ ခုရောက်သောအခါ ၄ ဝါ ရပြီဖြစ်၍ ခမည်းတော်၏ ကျောင်းကို အလှူခံယူခဲ့ကြောင်းများကို...

၁။ ခြောက်နှစ်စွန်းကယ်၊ သက်တစ်ဆယ်၊ ရှင်ငယ်ဖြစ်၍ သည်သာ။

၂။ ဝါတောဝီသ၊ ရဟန်းမှ၊ ရှင်က ခုနစ်ဝါ။

၃။ ခြောက်နှစ်စွန်းကယ်၊ သက်လေးဆယ်၊ ကြီးကျယ်ဉာဏ်ပညာ၊

၄။ ခြောက်ဆယ့်ရှစ်နှစ်၊ သက္ကရာဇ်၊ ရောက်လစ်ထိုအခါ

၅။ စတုဝဿ၊ လေးဝါရ၊ တင်ထ ဤကျောင်းမှာ

ကျမ်းပြီး သက္ကရာဇ်များကိုမူ ထိုထိုကျမ်းများ နိဂုံးတွင် အတိအလင်း ဆိုထားသည်ဖြစ်၍ အထူးစိစစ်ဖွယ် မရှိ ဖြစ်ပါကြောင်း”

ဟံသာဝတီ

❖

mgyoe.com

mgyoe.com

# သုံးပုံလှေကားကျမ်း

mgyoe.com

mgyoe.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရှိခိုးခြင်း ပဏာမ

၁။ သုံးပါးရတနာ၊ မြတ်ဆရာကို၊ သဒ္ဓါစုံမက်၊ နှစ်သက်ဝမ်းသာ၊ ရှိခိုးပါ၍၊ များစွာကျမ်းထွက်၊ စကားနက်ကို၊ ဆောင်ရွက်ဖွယ်ရာ၊ ညွှန်းလိုက်မှာသည်၊ ၊ မကွာနှုတ်ထဲ ဆောင်အမြဲ။

## မြေလှုပ်ကြောင်း ၈ ပါး

၂။ ပဋိသန္ဓေ၊ နေသည်ကာလ၊ ဖွားထ တစ်ဖန်၊ ရွှေဉာဏ်တော်ရ၊ ဓမ္မစကြာ၊ ဟောခါကာလ၊ လွှတ်ထအာယု၊ ပြုသည်နိဗ္ဗာန်၊ ဈာန်ဂုဏ်တော်ခိုး၊ တစ်မျိုး ချောက်ချား၊ ဤရှစ်ပါးကြောင့်၊ ကြီးမား သုန္ဒရေ၊ တုန်လှုပ်လေသည်၊ ၊ ပုံသေ မယွင်းနှလုံးသွင်း။

[ဤကား မြေလှုပ်ကြောင်း ရှစ်ပါးစကားရပ် မှတ်ဖွယ်တည်း]

## တစ်နည်း–မြေလှုပ်ကြောင်း ၈ ပါး

၃။ တောထွက် ကာလ၊ ကပ်ထဗောဓိ၊ ခံဘိပုံ့သကူ၊ ဖွပ်ယူ တစ်ဖြာ၊ ကာဂေါ ဝေ ဗြ၊ ဤ ရှစ်ဝကြောင့်၊ ဌာနအောက်မြေ၊ တုန်လှုပ်လေသည်၊ ၊ လေးထွေကြောင်းရင်း တုန်လှုပ်ခြင်း။

[ဤကား တစ်နည်း–မြေလှုပ်ကြောင်း ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## မြေလှုပ်ကြောင်း ၄ ပါး

၄။ ကောင်းချီး သက်သေ၊ တစ်ထွေ ဝီရိယ၊ အံ့ထ တစ်ဖြာ၊ အခါမဲ့ငြား၊ ဤလေးပါးကြောင့်၊ ရှစ်ပါးဌာနေ၊ တုန်လှုပ်လေသည်၊ ။ မှတ်လေ တစ်မျိုး မြေလှုပ်ရိုး။

[ဤကား မြေလှုပ်ကြောင်း လေးပါးစကားရပ် မှတ်ဖွယ်တည်း။

ကာ မှာ ကာလကာရာမသုတ်၊ ဂေါ မှာ ဂေါတမကသုတ်၊ ဝေ မှာ ဝေဿန္တရာဇာတ်၊ ဗြ မှာ ဗြဟ္မဇာလသုတ်ကို ယူလေ။

တောထွက်ရာ ဗောဓိမဏ္ဍိုင်သို့ကပ်ရာ၌ ဝီရိယကြောင့် လှုပ်သည်ယူလေ၊ ပုံ့သကူခံယူရာ၌ အံ့ဖွယ်သရဲ အဟုန်ကြောင့် လှုပ်သည်၊ ပုံ့သကူ ဖွပ်ရာ၊ ဝေဿန္တရာဇာတ်ဟောရာ၌ အခါမဲ့ လှုပ်သည်၊ ကာလကာရာမ သုတ်၊ ဂေါတမကသုတ်ကို ဟောရာ၌ သက်သေခံသဖြင့် လှုပ်သည်။ ဗြဟ္မဇာလသုတ်ကို ဟောရာ၌ ကောင်းချီးပေးလို၍ လှုပ်သည်မှတ်လေ]

## မြေလှုပ်ကြောင်း ၆ ပါး

၅။ သုံးတန် သင်္ဂါယနာ၊ တင်သည်ကာလ၊ နာမခေါ်ဆို၊ သီဟိုဠ်သာမော၊ စံပယ်တော၌၊ ထေရောမဟိန္ဒ၊ မြတ်ဓမ္မကို၊ ဟောထသောအခါ၊ ကလျာဏီယ၊ ကျောင်းဒေသ၌၊ ပိဋကပါတိယထေရ်၊ ဟောသည်ကာလ၊ နာမပညတ်၊ ကြေးပြာသာဒ်၏၊ တည်လတ်ရှေ့သုန်း၊ သရက်ကုန်း၌၊ ရွှင်ပြုံးဝမ်းသာ၊ ဘာဏကထေရ်၊ ရွတ်သည်အားလုံး၊ သုတ်အဆုံး၌၊ ရေဆုံးတိုင်ထိ၊ လှုပ်လေဘိသည်၊ ။ ဘူမိစာလ ခြောက်ဌာန။

[ဤကား ဘုရား မရှိသည့်နောက် တရားအာနုဘော်ကြောင့် လှုပ်ကြောင်း ခြောက်ပါး စကားရပ်မှတ်ဖွယ်တည်း။

ဗြဟ္မဇလသုတ်ကို ဘုရားဟောတော်မူသောသုတ် အဆုံးမှာသာ လှုပ်သည် မဟုတ်၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့တွင် တစ်ပါးတစ်ပါး အဆုံး၌ တစ်ကြိမ်စီ တစ်ကြိမ်စီ ခြောက်ဆယ့်နှစ်ကြိမ်တိုင်အောင် လှုပ်သည် ယူလေ။ ။ ဘာဏကထေရ် ဟူရာ၌ ဒီဃ ဘာဏက ထေရ် ယူလေ။

ဓာတ်ချောက်ချားခြင်းကြောင့် လှုပ်ခြင်း၊ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်

mgyoe.com

mgyoe.com

လှုပ်ခြင်း၊ ဘုရားလောင်း ပဋိသန္ဓေနေခြင်း၊ ဖွားခြင်း၊ သဗ္ဗညုတဉာဏ်ကိုရခြင်း၊ ဓမ္မစကြာတရား ဟောတော်မူခြင်း၊ အာယု သင်္ခါရလွှတ်ခြင်း၊ ပရိနိဗ္ဗာန်ပြုခြင်း ရှစ်ပါး။

တောထွက်ခြင်း၊ ဗောဓိမဏ္ဍိုင်သို့ ကပ်ခြင်း၊ ပုံ့သကူကိုခံခြင်း၊ ဖွပ်ခြင်း၊ ကာလ ကာရာမသုတ်၊ ဂေါတမကသုတ်၊ ဝေဿန္တရာဇာတ်၊ ဗြဟ္မဇာလ သုတ် ရှစ်ပါးတည်း။

တောထွက်ရာ၊ ဗောဓိမဏ္ဍိုင်သို့ ကပ်ရာ၌ ဝီရိယကြောင့်၊ ပုံ့သကူခံရာ၌ အံ့ဘွယ် သရဲအဟုန်ကြောင့်၊ ပုံ့သကူဖွပ်ရာ၊ ဝေဿန္တရာဇာတ်ဟောရာ၌ အခါမဲ့ လှုပ်၏။ ကာလ ကာရာမသုတ်၊ ဂေါတမက သုတ်ဟောရာ၌ သက်သေခံအဖြစ်ဖြင့် လှုပ်၏။ ဗြဟ္မဇာလ သုတ်ကို ဟောရာ၌ ကောင်းချီးပေးသောအားဖြင့်လှုပ်၏၊ ၊ သုတ်သီလက္ခန် အဋ္ဌကထာလာ]

"အဋ္ဌ ခေါ ဣမေ အာနန္ဒ ဟေတူအဋ္ဌ ပစ္စယာ ဘူမိစာ လဿ ပါတုဘာဝါယ"။ သုတ်မဟာဝါ ပါဠိတော်ဤ–ချပ်လာ။

[ရေလှုပ်ခြင်းကြောင့် မြေလှုပ်ခြင်း၊ ရဟန်းပုဏ္ဏားတန်ခိုးကြောင့် လှုပ်ခြင်း၊ ဘုရား လောင်း ပဋိသန္ဓေ နေခြင်းကြောင့် လှုပ်ခြင်း၊ ဘုရားလောင်း ဖွားမြင်ခြင်းကြောင့် လှုပ်ခြင်း၊ ဘုရားအဖြစ်သို့ ရောက်ခြင်းကြောင့် လှုပ်ခြင်း၊ ဓမ္မစကြာတရား ဟောခြင်း ကြောင့်လှုပ်ခြင်း၊ အာယု သင်္ခါရ လွှတ်ခြင်းကြောင့် လှုပ်ခြင်း၊ အနုပါဒိ သေသနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုခြင်းကြောင့် လှုပ်ခြင်း။

ကြီးစွာသော လေသည် လာလေသည်၊ လာခြင်းကြောင့် ရေကိုခံသော လေ လှုပ်လေသည်။

"ဓာတုကောပေန ပဌမ၊ ဣဒ္ဓါနုဘာဝေန ဒုတိယ၊ ပုညတေဇေန တတိယ၊ စတုတ္ထ၊ ဉာဏတေဇေန ပဉ္စမ၊ သာဓုကာရဒါနဝသေန ဆဋ္ဌ၊ ကာရုည သဘာဝေန သတ္တမ၊ အာရောဒနေန အဋ္ဌမ"]

## ကပ်လာတတ်သောရောဂါ ၁၁ ပါး

၆။ စက္ခု, သောတ၊ ဃာန ဇိဝှါ၊ တစ်ဖြာကာယ၊ သီသ ကဏ္ဍာ၊ ဒန္တာ မုခ၊ ကာသ,သောသော၊ ရောဂါဆယ့်တစ်ရပ်၊ ကပ်လှာတတ်သည်၊ ၊ ကြပ်ကြပ်ကိုယ်တွင်း မြဲစေမင်း။

[ကာသ မှာ ချောင်းဆိုးနာ၊ သောသော–မှာ ကုတ်ဟီးနာယူလေ]

mgyoe.com

mgyoe.com

## နှိပ်စက်တတ်သောရောဂါ ၁၁ ပါး

၇။ ဆောင်းပေးခါးနာ၊ ကိုယ်ပူနာနှင့်၊ ဝမ်းနာ တခြား၊ အဖျားတစ်ထွေ၊ မူးဝေ တစ်ချက်၊ ဝမ်းသွေးထွက် ဝမ်းသွန်နာ၊ နူနာ ထွက်မြင်း၊ ဆင်ညှင်းကြီးနာ၊ ထိုးကျင်နာ ဟု၊ ရောဂါဆယ့်တစ်ရပ်၊ နှိပ်စက်တတ်သည်၊ ။ မပြတ် ဝမ်းတွင်း နှလုံးသွင်း။

[ထိုးကျင်နာ ဟူသည် တံကျင်ကဲ့သို့ ကိုက်ခဲသည် ဆိုလိုသည်]

## ခန္ဓာငါးရပ် စွဲလာတတ်သောရောဂါများ

၈။ ခယရုဂ်နာ၊ ပိတ်ခဲနာနှင့်၊ တူလာသရော၊ ဖောသောအနာ၊ ယား နာ ဝဲ ပွေး၊ ဆင်ပွေးကြီးနာ၊ ယင်းနာ မြင်းသရိုက်၊ တလိုက်ရူးနာ၊ ဤရောဂါ လည်း၊ ခန္ဓငါးရပ်၊ စွဲလာတတ်သည်၊ ။ မလတ်မကင်း သတိသွင်း။

[ပိတ်ခဲနာ–ဟူသည် အနီ အရွေ ကျသောအနာကို ယူလေ၊ ဖောသော အနာမှာ– ထွတ်အိုင်းနာ ဆိုလိုသည်]

## ၉၆ ပါး ရောဂါ

၉။ (က) ပိတ္တ သေမှ၊ ဝါတ တစ်သွယ်၊ မြှောက်ခါဝယ်၌၊ သုံးဆယ့် နှစ်ပါး၊ သုံးလီပြား၍၊ ခြောက်ပါးစွန်းကယ်၊ ကိုးဆယ်ရောဂါ၊ ကိုယ်ခန္ဓာ၌၊ များစွာထွေထွေ၊ ဖြစ်တတ်ချေသည်၊ ။ ဉာဏ်နေမကင်း သိစေ မင်း။

## အနာဖြစ်ကြောင်း ၈ ပါး

၁၀။ (ခ) သလိပ်တစ်ထွေ၊ သည်းခြေ တစ်ဖြာ၊ လေနာ တစ်ရပ်၊ သန္နိပါတ် နှင့်၊ ဖြစ်လတ်ဥတု၊ စားမှုအစာ၊ တစ်ဖြာလုံ့လ၊ ကမ္မဝိပါက်၊ ရှစ်ချက် မူလ၊ ဖြစ်ကြောင်းပြသည်၊ သုံးဝမကင်း လေတို့လျှင်း။

[ဤကား ကိုးဆယ့်ခြောက်ပါးသော ရောဂါအပြား စကားရပ်မှတ်ဖွယ်တည်း။ အနာဖြစ်ကြောင်းရှစ်ပါးဟု ဟောတော်မူလျက် သုံးပါးနှင့် မြှောက်ရခြင်းသည် သုံးပါးနှင့်မကင်း ဆက်ဆံခြင်းကြောင့် မြှောက်ရလေသည် ဟူလိုသည်။

mgyoe.com

mgyoe.com

အင်္ဂုတ္တရ နိကာယ် ဒသကနိပါတ် ဂိရိမာနန္ဒသုတ်၊ မဟာနိဒ္ဒေသ ပါဠိတော် ကာမသုတ္တနိဒ္ဒေသ စသည့်တို့၌ လာသောနည်းတည်း။ ဆေးကျမ်းတို့၌ လောကီကျမ်း အလျောက် အစေ့အစုံဆိုသည်။]

## ၃၂ ဖြာ ကံကြမ္မာ

၁၁။ (က) ကမ္မကရဏာ၊ ဒွတ္တိံသ၏။ အရသရုပ်၊ ဖော်ပြထုတ်ပိမ့်၊ ဆောက်ပုတ် ကြိမ်လုံး၊ ဖြတ်သုံး လက် ခြေ၊ သုံးထွေ နား နှစ်၊ ဖြတ်ရာ တတည်၊ ပအုံးရည်အိုး၊ ဆယ်မျိုးကမ္မ၊ ကရဏာကို၊ ၊ မြင်ကမယွင်း လန့်စေမင်း။

(ခ) ရာဟုခံတွင်း၊ ခရသင်း လျှော်တော၊ တိုက်လေ မီးလျှံ၊ တစ်ဖန် မီးတောက်၊ ထို့နောက်တစ်လီ၊ ဧဏီသား အလား၊ ဆားငန်တစ်ချက်၊ ပိန်းရွက်အလား၊ ငါးမျှားချိတ်အသွင်၊ တံခါးကျင်သဖွယ်၊ တစ်ဆယ်ကမ္မ၊ ကရဏာကို၊ ၊ မြင်က ချက်ချင်း ကြောက်စေမင်း။

(ဂ) ဆီသွန်းတစ်ထွေ၊ ကောက်ရိုးခွေပမာ၊ တစ်သပြာ အသား၊ လှံ ဓားသန်လျက်၊ လှို့နက်တံကျင်၊ ထို့ပြင် လက် ခြေ၊ ပေါင်းလေရင်ဝ၊ မယ်နတံသင်း၊ နှက်ခြင်း ငါးထွေ၊ ခုတ်လေဓားမ၊ ရွေထ ပဲခွပ်၊ မလွတ်မကင်း၊ ခံရခြင်းကို၊ ၊ ဝမ်းတွင်းသံဝေ ထိတ်လန့်စေ။

[ဤကား ကြမ္မာသုံးဆယ့်နှစ်ပါးစကားရပ် မှက်ဖွယ်တည်း၊ အင်္ဂုတ္တိုရ်၊ ဒုကနိပါတ် ပဥ္စမသုတ်၊ ဥပရိပဏ္ဏာသမဟာနိဒ္ဒေသ၊ မိလိန္ဒပဥှာ စသော ကျမ်းတို့၌ လာသည်။

ကြိမ်လုံးမှာ ဆူးရှိ မရှိ နှစ်ခုယူ၊ ဖြတ်သုံးမှာ လက်ဖြတ် ခြေဖြတ် လက် ခြေ နှစ်ပါးဖြတ်ယူ၊ နား နှာ၌လည်း နည်းတူယူလေ၊ ပအုံးရည်အိုး၌ ဦးခေါင်းခွံကို ခွာ၍ လောလောပူသော သံတွေကို ညှပ်ဖြင့်ယူ၍ ထည့်သဖြင့် ကျိုက်ကျိုက်ဆူသော ပအုံး ရည်သဖွယ် ဖြစ်လေသည်။

ရာဟုခံတွင်း၌ သံတံသင်းတို့ဖြင့် ခံတွင်းကို ဖွင့်၍ မီးညှိခြင်း၊ မျက်နှာကို ဆောက်ဖြင့် ရွေ၍ ခံတွင်းပြည့်အောင် သွေးဆင်းစေခြင်းတည်း။ ခရသင်းကဲ့သို့ ဦးခေါင်းခွံကို ကြမ်းသော ကျောက်ဖြင့် ပွတ်သည်။

ကိုယ်အလုံးကို ဆီသုတ်ပုဆိုးကြမ်းဖြင့် ရစ်၍ မီးတိုက်သည်။ လက်၌ ဆီသုတ်

mgyoe.com

ပုဆိုးကို ရစ်၍ မီးညှိသည်။ ပိန်းမြက်ရွက်ကဲ့သို့ အရေလွှာကို ခွာသည်။ လျှော်တေ ဝတ်သကဲ့သို့ လည်မှစ၍ အရေကို ခွာ၍ ခါး၌ ထားခြင်း၊ ခါးမှစ၍ အရေကို ခွာ၍ မဖျက်၌ ထားခြင်းကို ပြုလေသည်။ တံတောင် နှစ်ဖက်၊ မြင်းခေါင်း နှစ်ဖက်တို့၌ သံခြေချင်း သံကွင်းလျှို၍ ဇကြီသားကဲ့သို့ လေးဖက်တွားလျက် ရှိစေသည်။ အသွား နှစ်ဖက်ရှိသော မျှော့ချိတ်ဖြင့် အရေအကြောတို့ကို ကွာစေသဖြင့် အရိုးကျဲစဲရှိစေသည်။ တစ်ဖက်စောင်းအိပ်စေ၍ နား၌ သံတကျင် မြေဝယ်စပ်အောင် နှက်ပြီးမှ ခြေကိုကိုင်၍ တံခါးကျင်ကို လည်သကဲ့သို့ ပြုလေသည်။ အရေအပေါ် သားတို့ မစုတ်စေဘဲ ကျောက် သားတို့ဖြင့် အရိုးတို့ကို ထုပြီးသော် ဆံကို ကိုင်၍ အသားစုသာကျန်အောင် ခွာပြီးမှ ဆံဖြင့်ရစ်၍ ကောက်ရိုးခွေကဲ့သို့ ပြုလေသည်။ နှစ်ရက်၊ သုံးရက် အစာမပေးသော ခွေးငယ်တို့ကို ကိုက်စေ သည်။

အကြွင်းတို့ကို ကြံစည်ထိုးထွင်းလေ၊ ပညာရှိထံနည်းခံလေ]

## ဘေး ၂၅ ပါး

၁၂။ ရောဂ ဘောဂ၊ သီလ ဒိဋ္ဌိ၊ ဉာတိ ပျက်စီး၊ မီး ရေ ခိုးသူ ရန်သူနှင့် မင်း၊ ငတ်မွတ်ခြင်းနှင့်၊ ထခြင်းလှိုင်းဝဲ၊ သားရဲမိကျောင်း၊ တစ်ကြောင်း နောင်တ၊ သုံးဝသောဒဏ်၊ တစ်တန် စွပ်စွဲ၊ ပွဲလယ် ရှုံးရှာ၊ ယုတ်မာအလား၊ ရှာငြား သက်မွေး၊ သေဘေး အနာ၊ ဇရာဇာတိ၊ ကြောက်ဘိအပ်စွာ၊ ဘေးဖြစ်ရာ သည်။ ။ သံသရာရှည်ဝေး မြော်ရှုတွေး။

[ဤကား ဘေးနှစ်ဆယ့်ငါးပါးစကားရပ် မှတ်ဖွယ်တည်း။

မိလိန္ဒပဥှာကျမ်း (၁၉၄) ၌လာ၊ ပရိတ်ကြီး၌ ရာဇတောဝါ စသည် တစ်နည်း လာသည်။

သုံးပါးသော ဒဏ်ဟူ၍ နှုတ်ဒဏ်၊ လက်ဒဏ်၊ ကြေးဒဏ်တို့ကို ဆိုလိုသည်]

## ဥပဒ္ဒဝေါ ၁၆ ပါး

၁၃။ ထိပ်ကြိုး ခြေချင်း၊ ရေရှုတ်ခြင်းနှင့်၊ သွင်းသည်နှောင်အိမ်၊ ကြိမ်နှယ်

မှတ်ချက်။ ။ လွယ်ကူစွာ ကြည့်ရှုကြစေရန် ဆဋ္ဌသင်္ဂါယနာတင်မူ စာမျက်နှာများကို လက်သည်းကွင်းများဖြင့် ဖော်ပြလိုက်ပါသည်။

mgyoe.com

မယုတ်၊ ဇနပုဒ်မြို့ရွာ၊ စဉ်လာရဋ္ဌ၊ နိဂမဖြင့်၊ ဆိုထစကား၊ မသွားရစွာ၊ ရန်ဆီး ကာသား၊ ဥစ္စာ ဆောင်ခြင်း၊ ဆင်းရဲဒုက္ခ၊ ဆယ့်ခြောက်ဝကို၊ ၊ ရှောင်ကြလေမင်း ဝေးဝေးကွင်း။

[ဤကား ဥပ္ပဒ္ဒဝေါ တစ်ဆယ့်ခြောက်ပါး စကားရပ်မှတ်ဖွယ်တည်း၊ မဟာနိဒ္ဒေသ၌ လာသည်။

ဆိုထစကား မသွားရစွာ ဟူရာ၌ သင်မသွားလင့်ဟု ဆိုခြင်းတည်း၊ ဥစ္စာဆောင်ခြင်း၌ ထိုသူဥစ္စာကို အရာ၊ အထောင်၊ အသိန်းတို့ကို ဆောင်စေသည်။ ထိုအကြောင်းကြောင့် ဆင်းရဲခြင်းသည် ဒုက္ခမည်၏။ ကြိမ်ဖြင့် နှောင်ဖွဲ့သည်၊ နှယ်ဖြင့် ဖွဲ့သည်၊ ဇနပုဒ် စသည်ဖြင့် ဖွဲ့သည်ကို ဆိုလိုသည်]

## အပြစ်ဒဏ် ၁၀ ပါး

၁၄။ မပြစ်မှားအပ်၊ ပြစ်မှားတတ်စွာ၊ အပြစ်မှာကား၊ ကြင်နာပြင်းပြ၊ ဒုက္ခဝေဒနာ၊ အင်္ဂါသုံးပါး၊ ကြီးမားအနာ၊ လေးလံစွာနှင့်၊ စိတ်မှာမတည်၊ ရူးသည် တစ်ချက်၊ စက်ဆုပ်ရွံရှာ၊ စွပ်စွဲလာသား၊ ဆွေညာပျက်စီး၊ ပြုန်းတီးဥစ္စာ၊ မင်းဘေး လာ၍၊ အိမ်ရာမီးလောင်၊ ထို့နောင်ငရဲ၊ ဖောက်လဲကာလ၊ ကျလေရသည်၊ ၊ တွေ့ရမမှား ပြစ်ဆယ်ပါး။

[ဤကား မပြစ်မှားအပ်သော သူတို့အား ပြစ်မှားခြင်းကြောင့် အပြစ်ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း။ အပဒါန်လာ]

## အပြစ် ၈ ပါး

၁၅။ လုပ်ဆောင်ပျက်စီး၊ မင်း မီး ခိုးသူ၊ ရေမူတခြား၊ မြှုပ်ထား ဥစ္စာ၊ တည်ရာလျှောရွှေ့၊ ဆွေးမြည့် တုံငြား၊ သားမြေး မကောင်း၊ အကြောင်းတရား၊ ပြစ်ရှစ်ပါးသည်၊ ၊ လေးပါးအမျိုး ပျက်စီးရိုး။

[ဤကား အပြစ်ရှစ်ပါးစကား ရပ်မှတ်ဖွယ်တည်း၊ ဂါမဏိသံယုတ် လာ။

မင်း...စသည်တို့ကြောင့် အမျိုးပျက်စီးသည် ဆိုလိုသည်။ လုပ်ဆောင် ပျက်စီး ဆိုရာ၌ မကောင်းသဖြင့် စီရင်မိ၍ လုပ်ဆောင်သည့် အမှုပျက်စီးသည်ကို ယူလေ။ သား မြေးမကောင်းဟူရာ၌ စည်းစိမ်ဥစ္စာကို ဖျက်ဆီးတတ်သော သား မြေးတို့သည်

mgyoe.com


ထိုအမျိုး၌ ဖြစ်လာသည်ကိုယူ။

ရှေးရှေးသော ဆရာမြတ်တို့ ပရိတ်ရွတ်၍ ပရိတ်မွန်း တရားဟောရာတို့၌ ကိုးဆယ့်ခြောက်ပါးသော အနာ၊ နှစ်ဆယ့်ငါးပါး သော ဘေး၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ္ဒဝေါ၊ ဆယ်ပါးသောဒဏ်၊ ရှစ်တန်သော အပြစ်ဟူ၍ သာမညကို ကြားနာကြရသည်။ သရုပ်၊ သချာ၊ သချော်ယျာနှင့် တကွ ဝိသေသ ကြားနာရခဲ၏။

ကျမ်းကြီးကျမ်းမ မသင်ကြားဖူးသော ဉာဏ်ငယ်သောသူကို မဆိုထားဘိ၊ သင်ကြားရသော ဉာဏ်ကြီးသောသူပင်ဖြစ်သော်လည်း ဟော ပြောနိုင်ခဲသည်ဖြစ်၍ အကျဉ်းဆောင်ပုဒ် ထုတ်လိုက်သည်။ နှုတ်တက် အာဂုံဆောင်လေကုန်]

## လေပျက်ကြောင်း ၁၀ ပါး

၁၆။ သီတ ဥဏှ၊ ပိပါသနှင့်၊ အတိဘုတ္တတစ်ဖြာ။ ဇိဃစ္ဆာ ပဓာန၊ ဌာနတစ်ထွေ၊ အာဓာဝနေ နဝကမ္မ၊ ဥပက္ကမတစ်ဖြာ၊ ဖြစ်ကြောင်းလာသည်၊ ။ ဝါတာဆယ်မျိုး ပျက်လေရိုး။

[ဤကား လေပျက်ကြောင်း ၁၀ ပါး စကားရပ် မှတ်ဖွယ်တည်း]

## သည်းခြေပျက်ကြောင်း ၃ ပါး

၁၇။ သီတ ဥဏှ၊ ဝိသမအစာ၊ သုံးဖြာပိတ္တ၊ ပျက်ကြောင်းပြသည်၊ ။ မုချမယွင်း မှတ်လေမင်း။

[ဤကား သည်းခြေပျက်ကြောင်းသုံးပါး စကားရပ်မှတ်ဖွယ်တည်း]

## သလိပ်ပျက်ကြောင်း ၃ ပါး

၁၈။ အနွ ပါန၊ ရှေ့သုံးဝတွင်၊ ချန်လေနောက်ဆုံး၊ ထည့်သုံးသေမှ၊ ပျက်ကြောင်းပြသည်၊ ။ နိစ္စမယွင်း ရှောင်လေမင်း။

[ဤကား သလိပ်ပျက်ကြောင်း သုံးပါးစကားရပ် မှတ်ဖွယ်တည်း၊ သည်းခြေပျက်ကြောင်း သုံးပါးတွင် နောက်ဆုံးတစ်ပါးကို ချန်၍ အနွပါနကို ထည့်လေဟု ဆိုလိုသည်]

mgyoe.com

## ဝေဒနာဖြစ်ကြောင်း ၈ ပါး

၁၉။ ဝါတ ပိတ္တ၊ သေမှတစ်ရပ်၊ သန္နိပါတ် တစ်ခု၊ ဥတု ဖောက်ပြန်၊ ကံနှင့် လုံ့လ၊ ဝိသမအစာ၊ ဖြစ်ကြောင်းလာသည်၊ ။ ဝေဒနာရှစ်မျိုး ခံစားရိုး။

[ဤကား ဒုက္ခဝေဒနာဖြစ်ကြောင်း ရှစ်ပါး စကားရပ်မှတ်ဖွယ်တည်း။

ဤရှစ်ပါးတို့တွင် ကံကြောင့် ဖြစ်သည်ကား နည်း၏။ ကြွင်းသော အကြောင်း ကြောင့် ဖြစ်သည်သာများလေသည်။ ကံကြောင့်သာ ဒုက္ခ ဝေဒနာဖြစ်၏ဟု ယူသောလူ တို့ကား မှားလေ၏ မှတ်လေ။ မိလိန္ဒပဉှာ ကျမ်းလာ]

## သေခြင်းအကြောင်းတရား ၄ ပါး

၂၀။ အသက် ကံကုန်၊ နှစ်ပါးစုံနှင့်၊ ဖြတ်တုံကမ္မ၊ ဤလေးဝကြောင့်၊ သုံးဝ ဘုံသား၊ သေရငြားသည်၊ ။ တရားသံဝေထိတ်လန့်စေ။

[ဤကား သတ္တဝါတို့ သေခြင်း အကြောင်းတရားလေးပါး စကားရပ် မှတ်ဖွယ် တည်း။

ထို လေးပါးတို့တွင် ဥပစ္ဆေဒက ကံကြောင့်သေခြင်းကို ဥတ္တရကုရု ကျွန်းသူ၊ ငရဲသူ၊ အချို့သော နတ်တို့အားမရအပ်ကုန်၊ ။ သင်္ဂြိုဟ် ဋီကာကျော် ကျမ်းတို့၌လာ]

## အခါမဲ့သေကြောင်းတရား ၇ ပါး

၂၁။ ဓား လှံ မီး ရေ၊ ဆိပ်မြွေ ထမင်း၊ ရေငတ်ခြင်းဟု၊ သေခြင်းတရား၊ ခုနစ်ပါးကို၊ ။ စိတ်ထားဉာဏ်နေ စွဲမိစေ။

[ဤကား အခါမဲ့သေကြောင်းတရား ခုနစ်ပါးစကား ရပ်မှတ်ဖွယ်တည်း၊ ။ မိလိန္ဒပဉှာကျမ်းလာ]

## သေခြင်းအကြောင်းတရား ၈ ပါး

၂၂။ ဝါတ ပိတ္တ၊ သေမှတစ်ရပ်၊ သန္နိပါတ်တစ်ခု၊ ဥတုဖောက်ပြန်၊ ကံနှင့် လုံ့လ၊ ဝိသမအစာ၊ ကြောင်းရှစ်ဖြာကြောင့်၊ သတ္တဝါအများ၊ သေရငြား သည်၊ ။ တရားသံဝေကြောက်ကြစေ။

[ဤကား သေခြင်းအကြောင်းတရားရှစ်ပါး စကားရပ် မှတ်သားဖွယ်တည်း၊ ။

mgyoe.com

mgyoe.com

မိလိန္ဒပဉှာကျမ်းလာ]

## ဒိဋ္ဌိဖြစ်ကြောင်း ၈ ပါး

၂၃။ သညာ ဖဿ၊ ပါပမိတ္တာ၊ အဝိဇ္ဇာနှင့်၊ ခန္ဓာဝိတက်၊ မိန့်မြွက် အဟော၊ ပရတော ဃောသ၊ ပျက်ထချွတ်ယွင်း၊ နှလုံးသွင်းဟု၊ ရှစ်ခုပါဋ္ဌိ၊ ကျမ်းဝယ်ရှိသည်၊ ။ ဒိဋ္ဌိအပေါင်း ဖြစ်ရကြောင်း။

[ဤကား ဒိဋ္ဌိဖြစ်ကြောင်း ရှစ်ပါးစကားရပ်မှတ်ဖွယ်တည်း၊ ။ သုတ်သီလလက္ခန် အဋ္ဌကထာကျမ်း (၉၉) လာ]

## အဖြေ ၄ ပါး

၂၄။ ဝိဘဇ္ဇာဗျာကရဏီယ၊ ဇော်သနှင့်၊ ဌပနီယတစ်ဖြာ။ ပဋိပုစ္ဆာဗျာ ကရိဏီယ၊ လေး၀ ဝိသဇ္ဇနာ၊ ကျမ်း၌ လာသည်၊ ။ ဆရာထံရင်း တတ်အောင်ချဉ်း။

[ဤကား အဖြေ ၄–ပါး စကားရပ်မှတ်ဖွယ်တည်း]

## ပုစ္ဆာ ၅–ပါး

၂၅။ ဝိမတိစ္ဆေ ဒနာ၊ ဒိဋ္ဌာ, ဒိဋ္ဌ၊ ဖြေထလေမှု၊ကထေတုကမျတာ၊ လိုရာ ရှေးရှု၊ အနုမတိပုစ္ဆာ၊ ငါးထွေလာသည်၊ ။ မေးခါဘယ်သင်း သိစေမင်း။

[ဤကား ပုစ္ဆာ ငါးပါးစကားရပ်မှတ်ဖွယ်တည်း။ ဒိဋ္ဌာဒိဋ္ဌမှာ ဒိဋ္ဌ အဒိဋ္ဌ ပုဒ်ဖြတ်၍ ဒိဋ္ဌသံသန္ဒနပုစ္ဆာ၊ အဒိဋ္ဌဇောတနပုစ္ဆာဟု နှစ်ခုယူလေ]

## တစ်နည်း–ပုစ္ဆာ ၄ ပါး

၂၆။ ပုရေပဉှာ၊ ပစ္ဆာ မောဃ၊ ပုဏ္ဏတစ်ဖြာ၊ ကျမ်း၌ လာသည်၊ ။ ပုစ္ဆာလေးမျိုး သိအောင်ကြိုး။

[ဤကား တစ်နည်း–ပုစ္ဆာလေးပါး စကားရပ် မှတ်ဖွယ်တည်း။ ပုဏ္ဏမှာ ပရိပုဏ္ဏပဉှာ ယူလေ]

mgyoe.com

## တစ်နည်း–အဖြေ ၅ ပါး

၂၇။ ပါဠိဂတိ၊ ပဋိသေခ၊ ဝစနနှင့်၊ သရူပတစ်ထွေ၊ ပဋိက္ခေပ၊ ငါး၀ ဝိသဇ္ဇနာ၊ ကျမ်း၌လာသည်၊ ။ ညဝါဟောရင်း သိစေမင်း။

[ဤကား တစ်နည်း–အဖြေငါးပါး စကားရပ် မှတ်ဖွယ်တည်း။ ဝစနမှာ ပဋိဝစနဝိသဇ္ဇနာယူ။]

## ကျောင်းလှူခြင်း အကျိုး

၂၈။ သဒ္ဓါစုံမက်၊ လွန်နှစ်သက်၍၊ မြက်ကုဋီအလှူ ကျူကုဋီတစ်တန်၊ ကြံကုဋီတစ်ချက်၊ သစ်ရွက်ကုဋီတခြား၊ လှူသောအားဖြင့်၊ ကြီးမားမြင့်မြတ်၊ ဘုံပြာသာဒ်၌၊ ထက်နတ်လူ့ရွာစံပြီးခါမှ၊ ပစ္ဆိမာဘဝိက၊ နိဗ္ဗာန်ရသည် ထုံးကိုရည်၍၊ ကြည်ဖြူလှစွာ၊ လှူအပ်ရာသည်၊ ။ ကျမ်းလာစွဲ သုံးကျောင်းလှူထုံး။

[ဤကား ကျောင်းလှူကျိုး စကားရပ် မှတ်ဖွယ်တည်း]

## တံခွန်လှူခြင်း အကျိုး

၂၉။ တိဿမည်တွင်၊ မြတ်ရှင်ပင်ကို၊ ကြည်လင်ညွတ်နူး၊ ဖြောင့်စူး ကြည်ဖြူ တံခွန်လှူ၍၊ နောက်မူဘဝ၊ သံသာရ၌၊ လေး၀အပါယ်၊ ကိုးဆယ် နှစ်ကမ္ဘာ၊ လုံးလုံးကွာ၍၊ သုံးရာနတ်မင်း၊ လူမင်းစကြာ၊ ကြိမ်ငါးရာတည့်၊ ငါးဖြာ ပဒေသရာဇ်၊ ဆက်တိုင်းဖြစ်၍၊ နောက်ပစ္ဆိမ၊ ဆုံးဘဝ၌၊ ဓဇ ဒါယကမထေရ်၊ ဖြစ်လာသည်ဟု၊ ဟောသည်ကျမ်းဂန်၊ အပဒါန်လာ၊ ရှိသည်တာကြောင့်၊ ကိုးဖြာ ဂုဏ၊ ဉာဏ်ဒသနှင့်၊ ဓမ္မသာမိ၊ မုနိဘဂဝါ၊ စိန္တေယျာ၌၊ သဒ္ဓါညွတ်နူး၊ ဖြောင့်စူး ဝမ်းသာ။ လှူအပ်စွာသည်၊ ။ ကျမ်းလာဟောရိုး တံခွန်ကျိုး။

[ဤကား တံခွန်လှူခြင်းအကျိုးစကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

## သဲလှုံခြင်းအကျိုး

၃၀။ မုဆိုးဘာသာ၊ တောလည်ရာဝယ်၊ သဒ္ဒါစိုရွှဲ၊ စကြဲ့ထဲ၌၊ သဲတံခါး ပိုက်၊ နှစ်ခြိုက်ဝမ်းသာ၊ ကြဲသည့် တာကြောင့်၊ လေးဖြာအပါယ်၊ သုံးဆယ့် တစ်ကမ္ဘာ၊ ကင်းလွတ်ကွာ၍၊ ဆုံးခါဘဝ၊ ပစ္ဆိမ၌၊ ပုလိန စက်မ နိယ ထေရ်၊ ဖြစ်လာသည်ဟု၊ ဟောသည်ကျမ်းလာ၊ သိစိမ့်မှာသည်၊ ၊ မကွာမြဲထွေ စွဲမှတ်လေ။

[ဤကား စကြံ့ထဲ၌ သဲကြဲကျိုး စကားရပ် မှတ်ဖွယ်တည်း]

## ရန်အောင်ကြောင်း တရား ၅ ပါး

၃၁။ မန္တန် တံစိုး၊ အမျိုးအနွယ်၊ တိုင်ပင်ဖွယ်နှင့်၊ ချစ်ဖွယ်စကား၊ ဤငါးပါး သည်၊ ၊ မှတ်သားလေမင်း ရန်အောင်ခြင်း။

[ဤကား ရန်အောင်ကြောင်း ငါးပါးစကားရပ်မှတ်ဖွယ်တည်း၊ ၊ ပဥ္စက နိပါတ် တစသာရ ဇာတ် ၄ ချပ် (တတိယတွဲ ၁၉၁) လာ။

ဘုရားလောင်းသူငယ်ကို ပင်းတကားလည်တောက်ဖြင့် ယူ၍ မင်းကြီးအား ပြလေ လျှင် ဤတရား ငါးပါးကို ဟော၍ ပင်းတကား လည်တောက်အား ပယ်၍ အမတ်အရာ ကို ပေးလေ၏။]

## တစ်နေ့အတွက် ထွက်သက်၊ ဝင်သက်

၃၂။ တစ်နာရီမှာ၊ သုံးရာခြောက်ဆယ်၊ ထွက်သက်ဝယ်တည့်၊ တစ်သွယ် ဝယ်သက်၊ နည်းတူ တွက်ရှင့်၊ နှစ်ချက်အရ၊ ပေါင်းလိုက်ကမူ၊ ခုနစ်ရာ့ နှစ်ဆယ်၊ တစ်နေ့ဝယ်သော်၊ ပေါ်သည် သုံးထောင်၊ ထို့နောင် နှစ်ရာ၊ လေးသောင်းလာသည် ။ ။ ကျမ်းလာတရား မှတ်လေ့ကား။

[ဤကား–အဿာသ ပဿာသ ထွက်သက် ဝင်သက်စကားရပ် မှတ်ဖွယ်တည်း]

## ထွက်သက်၊ ဝင်သက် ကာယသင်္ခါရ ဖြစ် မဖြစ်

၃၃။ ဝမ်းဝယ်ကိန်းနေ၊ သေသူ တဝ၊ နိရောဓနှင့်၊ စတုတ္ထဈာန်၊ တစ်ဖန် ရူပ၊ အ ရူပနှင့်၊ ကိန်းထရေမှာ၊ မုစ္ဆာကာလ၊ ဤရှစ်ဝ၌၊ ချုပ်ထလေရာ၊

mgyoe.com

mgyoe.com

ဘုံမှာဆယ့်တစ်၊ ဈာန်ဝယ်ဖြစ်မူ၊ သုံးခုယူလော့၊ စိတ်မူလေးဆယ်၊ လေးပါးကယ်လိမ့်၊ ဤဝယ်ဌာန၊ သင်္ခါရ၏။ ဖြစ်ထလေရာ၊ ကျမ်းဝယ်လာသည်။ ။ ဆရာဆွေးနွေး သိအောင်မေး။

[ဤကား–အဿသ ပဿာသ ကာယသင်္ခါရ ဖြစ် မဖြစ် စကားရပ်မှတ်ဖွယ်တည်း။]

## သူတော်ကောင်းတရား ၇ ပါး

၃၄။ ဓမ္မ အတ္တ မတ္တတစ်ဖြာ၊ ကာလ အတ္တ၊ ပရိသနှင့် ပုဂ္ဂလတစ်ခု၊ ခုနစ်ညုတိ၊ သပ္ပုရိသ၊ မြတ်ဓမ္မကို၊ ဉာဏ ထိုးထွင်းသိစေမင်း။

[ဤကား သပ္ပုရိသတရား ခုနစ်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ဓမ္မညူ အတ္တညူ စသည်ဖြင့် ယူလေ။

ဓမ္မညူမှာ ပါဠိကိုသိသည်၊ အတ္တညူမှာ အနက်ကို သိသည်။ မတ္တညူမှာ ခံခြင်း၊ သုံးဆောင်ခြင်း အတိုင်းအရှည်ကို သိသည်။ အတ္တညူမှာ ဤမျှ လောက်သော သီလ၊ သမာဓိ၊ ပညာ ငါ၌ရှိ၏ ဟု ကိုယ်ကို သိသည်။ ကာလညူမှာ ပါဠိသင်ချိန်၊ အဋ္ဌကထာသင်ချိန်၊ ကမ္မဋ္ဌာန်း ရှုချိန်၊ မဂ် ဖိုလ် ရောက်ချိန် ကာလကို သိသည်။

ငါးပါး ပါဠိသင်ချိန်၊ ဆယ်ဝါ အဋ္ဌကထာသင်ချိန်။ တစ်နည်း–ဆယ်ဝါ ပါဠိ သင်ချိန်၊ ဝါနှစ်ဆယ် အဋ္ဌကထာ သင်ချိန်၊ နောက်ကို ကမ္မဋ္ဌာန်းရှုချိန် ကာလ ဖြစ်၏။

ပရိသညူမှာ ပရိသတ်ရှစ်ပါးကိုသိသည်။ ပုဂ္ဂလညူမှာ မှီဝဲအပ် မမှီဝဲအပ် ပုဂ္ဂိုလ်ကို သိသည်ဟု ယူလေ]

## စားသောက်ရာဝယ် ဆင်ခြင်ဖွယ်တရား ၁၀ ပါး

၃၅။ အသွား အရှာ၊ တည်ရာ အထား၊ သုံးညား ကျိုးဆက်၊ ကျက် မကျက်နှင့်၊ ပေလျက်ကျိုးရင်း၊ ဆင်ခြင်ခြင်းဝယ်၊ ရွံဖွယ်ဆယ်ခု၊ စားတိုင်းရှုက၊ မောဟကင်းရာ၊ဘာဝနာသည်၊ ။ မကွာအမြဲစားတိုင်းခဲ။

[ဤကား–စားသောက်ရာဝယ် ဆင်ခြင်ဖွယ်ဖြစ်သော စက်ဆုပ်ဖွယ် ဆယ်ပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## ခရီးခဲ ၅ ပါး

၃၆။ သားရဲ ဘီလူး၊ တစ်ထူး ခိုးသူ၊ ရေမူမရှိ၊ နည်းဘိအစာ၊ ဤငါးဖြာသည်၊ ၊ သွားလာနိုင်ခဲ ခရီးခဲ။

[ဤကား–ကန္တာရ ခရီးခဲ ငါးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ ဇာကနိပါတ်ဇာတ် အဋ္ဌကထာ (၁၁၅) လာ]

## မိုးသံကြားရာ ခြားအကွာ

၃၇။ တိမ်တောင် မိုးသက်၊ တက်သည်အမူ၊ သုံး ယူဇနာ၊ ကြားလေရာခဲ့၊ တစ်ဖြာလျှပ်စစ်၊ လေး ငါး ဖြစ်လိမ့်၊ တစ် နှစ် ယူဇနာ၊ မိုးသံမှာတည့်၊ ဒိသာရပ်ခွင်၊ ထက်ကောင်းကင်က၊ ကြားမြင်ရသည်၊ ၊ လောကမလွဲ ဖြစ်စမြဲ။

[ဤကား တိမ်တောင်၊ မိုးသက်၊ လျှပ်စစ်၊ မိုးသံကြားရာ စကားရပ် မှတ်ဖွယ် တည်း၊ လေး ငါး မှာ–လေး ယူဇနာ၊ ငါးယူဇနာ ယူ၊ တစ် နှစ် မှာ တစ်ယူဇနာ၊ နှစ် ယူဇနာယူလေ]

## သားအပြား ၄ ပါး

၃၈။ အတြဇနှင့် ခေတ္တ အန္တေ၊ မွေးပေတုံထ၊ ဒိန္နကဟု၊ ပုတ္တလေးဖြာ၊ ကျမ်းဦ လာသည်၊ ၊ ဉာဏ်မှာ အမြဲသက်လုံးစွဲ။

[ဤကား သားအပြားလေးပါး စကားရပ် မှတ်ဖွယ်တည်း။ အတြဇ သားမှာ ကိုယ်၌ဖြစ်သည်။ ခေတ္တဇသားမှာ အိပ်ရာပလ္လင်ရင်း၌ ဖြစ်သည်။ အန္တေဝါသိက သားမှာ အတတ်သင်လို၍ အနီးအပါး၌ နေလာသည်။ ဒိန္နကသားမှာ မွေးစေ ခြင်းငှာပေးသည်။ ဇာကနိပါတ်ဇာတ် အဋ္ဌကထာ ကဏှဝါဟနဇာတ် (၁၅၂) လာ]

## ကပ္ပဋ္ဌိတိ ၄ ပါး

၃၉။ မျောက်မင်းဖြစ်ရာ၊ ရေကန်သာ၌၊ ကျူမှာအဆစ်၊ မရှိဖြစ်ခဲ့၊ စင်စစ်မယွင်း၊ ငုံးမင်းဖြစ်ရာ၊ မီးမလာတည့်၊ တစ်ဖြာယုန်လ၊ တူကွမယိမ်း၊ အိုးထိန်း ဖြစ်ရာ၊ မိုးမရွာဘဲ၊ ကမ္ဘာအမျှ၊ တည်လေရသည်၊ ၊ အံ့ထလေးပါး

mgyoe.com

mgyoe.com

ဤစကား။

[ဤကား တစ်ကမ္ဘာပတ်လုံးတည်–လေးပါးစကားရပ်မှတ်ဖွယ်တည်း၊ ၊ ဂင်းဇာတ် အဋ္ဌကထာ (၁၈၈–၁၁၅) လာ]

## ကောသလအိပ်မက် ၁၆ ချက်

၄၀။ ဥသဘာ သစ်ပင်၊ ထို့ပြင်တခြား၊ နွားမ နွားငယ်၊ တစ်သွယ်မြင်းစား၊ တခြားရွှေခွက်၊ ထမင်းချက်နှင့် တစ်ချက် ရေအိုး၊ တစ်မျိုး ရေကန်၊ တစ်ဖန် မြေခွေး၊ မဝေးတစ်ထူး၊ စန္ဒကူးနှင့်၊ ဗူးတောင်း ကျောက်ပေါ်၊ တစ်ဖော် ဖားမ၊ မျိုထ နဂါး၊ ကျီးကားဟသ်ာ၊ ဆိတ်မှာသားရဲ၊ မလွဲ အိပ်မက်၊ ဆယ့်ခြောက် ချက်ကို၊ နောက်ဆက်အခါ၊ ဖြစ်မည့်တာကြောင့်၊ ရာဇာမင်းမြတ်၊ မြင်လေတတ်သည်၊ ၊ မှတ်ကြလေ ဝေး လာလိမ့်ဘေး။

[ဤကား ကောသလမင်းကြီး အိပ်မက်ဆယ့်ခြောက်ချက် စကားရပ် မှတ်ဖွယ်တည်း၊ အဓိပ္ပာယ်ကား....

၁။ နွားဥသဘာ လေးခု ဇွေ့ယောင်ပြု၍ မဇွေ့ဘဲ နေသကဲ့သို့ လူတို့ အဓမ္မကို ကျင့်သောအခါ၊ ကောင်းမှုပြုသူနည်း၍ မကောင်းမှုပြုသူများသောအခါ လေးမျက်နှာက မိုးရွာ ယောင်မြည်၍ မရွာဘဲ နေလတ္တံ့။

၂။ သစ်ပင်ငယ် သီး၊ ပွင့်သကဲ့သို့ သတို့သမီး ငယ်တို့သား၊ သမီး ဖွားလတ္တံ့။

၃။ အမိနွားမကြီးက ထိုနေ့ဖွားစ နွားငယ် နို့ကို စို့သကဲ့သို့ မိဘက သားသမီးကို မှီ၍ အသက်မွေးရလတ္တံ့။

၄။ နွားကြီးကို မက၊ နွားငယ်ကို က၍ ဝန်ကို မဆောင်နိုင်သကဲ့သို့ ပညာရှိလူကြီးကို မသုံး၊ ပညာမရှိ မသိမလိမ္မာသော လူငယ်ကို မြှောက်စား၍ အမှုမကုန်လတ္တံ့။

၅။ ခံတွင်းနှစ်ခုရှိသော မြင်းသည် ခံတွင်းနှစ်ခုဖြင့် ခြေက ကိုယ်၊ ခေါင်းတိုင်အောင် စားသကဲ့သို့ တရားရှုံးသူ၊ နိုင်သူနှစ်ဦးပင် တရားသူကြီး တို့ စားလတ္တံ့။

၆။ အဖိုးတစ်သိန်းထိုက်သော ရွှေခွက်၌ မြေခွေးကို ကျင်ငယ်စွန့်သကဲ့သို့ အမျိုးယုတ်နှင့် အမျိုးမြတ် ပေါင်းကြလတ္တံ့။

၇။ အထက်က လွန်ကျစ်၍ ထားသည်ကို အင်းပျဉ်အောက် အိပ်သော မြေခွေးမငယ်က စားသကဲ့သို့ သား လင် ခင်ပွန်းရှာ၍ရသော ဥစ္စာကို မယားက လင်ငယ်

mgyoe.com

mgyoe.com

သယောက် ထား၍ စားလတ္တံ့။

၈။ လေးမျက်နှာ၊ ရှစ်မျက်နှာက ရေအိုးတို့ဖြင့် ရေကို ယူဆောင်၍ ရေပြည့်သော အိုးကြီးတစ်လုံးကို လောင်းဘိသကဲ့သို့ ဆင်းရဲသားတို့ ဥစ္စာ မင်းကြီး ကျီမှာ သွင်းရလတ္တံ့။

၉။ နက်လှစွာသော ရေကန် အလယ်နောက်၍ အနား ကြည်သကဲ့သို့ မင်းတို့သည် လူတို့ကို ယန္တရားဝယ် ကြံသဖွယ်ကဲ့သို့ အခွန်အတုတ် နှိပ်စက်၍ အစွန်အနားမှာ နေ၍ အလယ်ဆိတ်လတ္တံ့။

၁၀။ ထမင်းအိုး တစ်လုံးထဲ၌ ထမင်းသုံးထွေ ဖြစ်သကဲ့သို့ တစ်ပြည်တည်း၊ တစ်မျိုးတည်း၌ မိုးသုံးထွေ ရွာလတ္တံ့။

ထမင်း သုံးထွေမှာ အချို့က ညစ်ညူးသည်၊ တချို့က အထပ်ထပ် ရှိသည်၊ အချို့က ကောင်းစွာ ကျက်သည်။

မိုးသုံးထွေမှာ အချို့အရပ်၌ ရွာသည်၊ အချို့အရပ်မှာကား မရွာ၊ အချိန်လွန်မှ ရွာသည်၊ လွန်၍ ရွာသည်။

၁၁။ အဖိုး တစ်သိန်းထိုက်သော စန္ဒကူးနံ့သာတို့ကို ပအုံးရည်အိုး၌ ထည့်သကဲ့သို့ နိဗ္ဗာန်အကျိုးငှာ ဟောတော်မူသော တရားကို အလဇ္ဇီတို့သည် ပစ္စည်းလေးပါး အလို့ငှာ ဟောလတ္တံ့။

အချို့သော သူတို့လည်း ခရီးအကြား လမ်းဆုံ တံခါး... စသည်တို့၌ တစ်သပြာ၊ တစ်မတ် တစ်ပဲ၊ တစ်ကျပ် တစ်ကျပ်ခွဲ... စသည် အကျိုးငှာ ဟောလတ္တံ့။

၁၂။ ရေ မရှိသော ဗူးတောင်းနစ်သကဲ့သို့ မင်းတို့သည် အမျိုးမြတ်ကို မချီးမြှောက်၊ အမျိုးယုတ် ကို ချီးမြှောက်လတ္တံ့၊ အလဇ္ဇီတို့စကားသာ ထွက်မြောက်လတ္တံ့။

၁၃။ တောင်ထွတ်မျှလောက်သော ကြီးစွာသော ကျောက်ဖျာရေမှ ပေါ်လာသကဲ့သို့ သူယုတ်မာတို့သည် ထင်ပေါ်လတ္တံ့၊ ချီးမြှောက်ခံရ လတ္တံ့။

၁၄။ ဖားငယ် မြွေကိုမျိုသကဲ့သို့ မယားငယ်တို့သည် မယားကြီးကို နိုင်လတ္တံ့။

၁၅။ ကျီးယုတ်ကို ရွှေဟင်္သာ ရံသကဲ့သို့ အမျိုးယုတ်ကို အမျိုးမြတ်က လုပ်ကျွေး ခစားလတ္တံ့။

၁၆။ ဆိတ်သည် သစ်၊ ကျား၊ သားရဲတို့ကိုလိုက်၍ သစ်၊ ကျား၊ သားရဲတို့သည်

mgyoe.com

mgyoe.com

တောအုပ်ချုံပိတ်ပေါင်းသို့ဝင်၍ ပုန်းရသကဲ့သို့ အမျိုးယုတ်တို့သည်လည်းကောင်း၊ ယုတ်မာသော ရဟန်းတို့သည်လည်းကောင်း နှိပ်စက်သောကြောင့် အမျိုးမြတ်သောသူ၊ သီလချစ်သော ရဟန်းတို့ သည် ချုံပိတ်ပေါင်း တောအုပ်သို့ ဝင်လျှိုးပုန်းရလတ္တံ့။

ဤကား အိပ်မက်တစ်ဆယ့်ခြောက်ချက် အဓိပ္ပာယ်တည်း၊ ။ ကေနိပါတ်ဇာတ်အဋ္ဌကထာ (၃၅၅) လာ]

## အကျိုးစီးပွား ဖြစ်ကြောင်းတရား ၆ ပါး

၄၁။ သုတ သီလာ၊ ဆရာမြတ်လု၊ ဩဝါဒနှင့်၊ ကင်းထအနာ၊ သုံးဖြာ သုစရိုက်၊ စိတ်၌ ဖြောင့်သား၊ ဤခြောက်ပါးကြောင့်၊ နှစ်ပါး အတ္ထ၊ ဖြစ်လေရသည်၊ ။ ဒွါရတံခါးကဲ့အလား။

[ဤကား အကျိုးစီးပွားဖြစ်ကြောင်းနှင့် တံခါးခြောက်ပါးစကားရပ် မှတ်ဖွယ်တည်း၊ ။ ကေနိပါတ် အတ္ထဿဒွါရဇာတ်လာ။

သုတမှာ ဗဟုသုတ ကိုယူ၊ သီလမှာ အာစာရသီလကိုယူ၊ ဩဝါဒမှာ ပညာရှိတို့အဆုံးအမကိုယူ၊ ကင်းထအနာမှာ ကိုယ်အနာ၊ ကိလေသာ စိတ်အနာကိုယူ၊ ကိုယ်အနာကင်းမှ လာဘ်ရနိုင်ရာသည်။ ကိလေသာ စိတ်အနာကင်းမှ ဈာန်, မဂ်စသည်ကိုရနိုင်ရာသည်။ ဒုစရိုက်ကို စွန့်၍ သုစရိုက်ကို ကျင့်ရာသည်။ စိတ် မတွန့်ပြုစင်ဖြောင့်မတ်မှ သားမြတ် ထွက်ပေါ်ရာသည်။

ဤခြောက်ပါးသည် အကျိုးစီးပွား တံခါးခြောက်ပေါက် မည်၏။ ခုနစ်နှစ်သားက အဖကို မေး၍ မဖြေနိုင်၍ ဘုရားကိုလျှောက်၍ ဟောသည် မှတ်လေ။]

## တောင့်တအပ်သောတရား ၄ ပါး

၄၂။ တိုင်ပင်သူအား၊ စကားတည်ကြည်၊ စစ်သည်နှစ်ဝ၊ ဆိုင်ကာလမှာ၊ သူရဲသာတည့်၊ အစာအာဟာရ၊ အကောင်းရမှု၊ ချစ်သူတောင့်တ၊ ကိစ္စ ခဲခက်၊ စကားနက်ရာ၊ ပညာရှိမြတ်၊ တောင့်တအပ်သည်၊ ။ မှတ်လေအမြဲနှလုံးထဲ။

[ဤကား တောင့်တအပ်သော တရား လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ။

mgyoe.com

mgyoe.com

ဇကနိပါတ်ဇာတ် ဒို–ချပ်လာ။

ဥစ္စာ ပျောက်သည်ကို ဘုရားအလောင်း အမတ်ရအောင်ပြု၍ အမတ်အားမင်းကြီးသည် ရတနာခုနစ်ပါးတို့ဖြင့် ပူဇော်လေသည်]

## အဆွေခင်ပွန်းဖွဲ့ရာ ၃ ပါး

၄၃။ အယုတ် အလတ်၊ အမြတ်တစ်ထွေ၊ ဤသုံးထွေကို၊ အဆွေဖွဲ့ရာ၊ ဇာတ်တော်လာသည်၊ ။ မေတ္တာမကင်းစေနှင့်မင်း။

[ဤကား အဆွေခင်ပွန်းဖွဲ့ရာ သုံးပါး စကားရပ်မှတ်ဖွယ်တည်း၊ ။ ဧကနိပါတ်ကုသနာဠိဇာတ်လာ။

သဖန်းပင်စောင့်နတ်နှင့် မင်္ဂလာဥယျာဉ် သစ်ပင်စောင့်နတ် အဆွေခင်ပွန်း ဖွဲ့၍ မင်္ဂလာဥယျာဉ်ကို ခုတ်မည်ပြုသောအခါ သဖန်းပင်စောင့် နတ် ပုတ်သင်ယောင်ဆောင်၍ စောင်မ ကယ်ဆယ်ဖူးလေသည်]

## နတ်တို့ စုတေကြောင်းတရား ၄–ပါး

၄၄။ အမျက်ကောပ၊ အာဟာရနှင့်၊ ကုန်ထ ကောင်းမှု၊ အာယု အသက်၊ ဤလေးချက်ကြောင့်၊ အထက်နတ်ရွာ၊ စုတေရာသည်၊ ။ သင်္ခါရတရားနှလုံးထား။

[ဤကား နတ်တို့စုတေအကြောင်း တရားလေးပါး စကားရပ် မှတ်ဖွယ်တည်း]

## အရပ်ပြစ် ၈ ပါး

၄၅။ ငရဲတစ်ဖြာ၊ ပြိတ္တာ တစ်တန်၊ တိရစ္ဆာန်နှင့်၊ ပစ္စန္တရစ်၊ ကျင့်ညစ်မိစ္ဆာ၊ အဂ်ါ ချို့ထ၊ အ ရူပနှင့်၊ ကင်းထ နာမ်လျှင်၊ အသညသတ်၊ ဤရှစ်ရပ်၌၊ ဖြတ်လတ် တုံငြား၊ မြတ်တရားကို၊ မကြားရရာ၊ ရှစ်ဖြာအရပ်၊ ကင်းတုံလတ်မှ၊ သုံးရပ်ရတနာ၊ တွေ့မြင်ရာသည်၊ ။ လွတ်ရာလွတ်ကြောင်းခုကတောင်း။

[ဤကား တရားတော်ကို မကြားထိုက်ရာ အရပ်ပြစ် ရှစ်ပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## အသံကြီး ၄ ပါး

၄၆။ ကုသ ရာဇာ၊ လောင်း ပွင့်လျာနှင့်၊ အာဠဝက၊ ပုဏ္ဏက တည့်၊ ကြီးထ ခွေးနက်၊ လေးချက်အသံ၊ ကြီးလေဟန်ကို၊ ဉာဏ်ဝယ်အမြဲ သိအောင်ခဲ။

[ဤကား ဇမ္ဗူဒိပါ တစ်ကျွန်းလုံး ကြားသော အသံကြီး လေးပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ ဧကနိပါတ်ဇာတ်လာ။

ဒွါဒသနိပါတ် မဟာကဏှာဇာတ်၌ အာဠဝက မပါ။ ၎င်းအရာ၌ ဘူရိဒတ် ဇာတ်ထွက် သုဒဿန နဂါးမင်း ပါ၍ လေးပါး လာသည်]

## သည်းမခံခြင်း အပြစ် ၅ ပါး

၄၇။ သည်းမခံရာ၊ အပြစ်မှာကား၊ များစွာ မချစ်၊ အပြစ် ရန်များ၊ သေကား တွေဝေ၊ လားလေ အပါယ်၊ ဤငါးသွယ်ကို၊ ကိုယ်ဝယ်မလွဲ တွေ့လိမ့်မြဲ။

[ဤကား သည်း မခံခြင်း အပြစ်ငါးပါး စကားရပ်မှတ်ဖွယ်တည်း။
သည်းခံခြင်းအကျိုး ငါးပါးကိုလည်း ဗျတိရေက နည်းဖြင့်သိလေ]

## စကားများခြင်းအပြစ် ၅ ပါး

၄၈။ စကားများရာ၊ အပြစ်မှာကား၊ မုသာဝါဒ၊ ပိသုဏာနှင့်၊ ဖရုသ ဝါစာ၊ သမ္ဖပ္ပလာပ၊ သေကပါယ်ရွာ၊ လားလေရာသည်၊ ၊ မှန်စွာ မမှား သတိထား။

[ဤကား စကားများသော သူအပြစ်ငါးပါး ရောက်ကြောင်း စကားရပ် မှတ်ဖွယ်တည်း။

စကားနည်းသောသူ၌ အကျိုးငါးပါး ကိုလည်း ဗျတိရေက နည်းဖြင့် သိလေ]

## စည်းစိမ်ဥစ္စာ ပြည့်စုံကျိုး ၅ ပါး

၄၉။ ကိုယ်လည်းချမ်းသာ၊ နှစ်ဖြာ မိ ဖ၊ မွေးထ တခြား၊ သား မယား မိတ်ဆွေ၊ လှူပေ ရဟန်း၊ ငါးခန်းဌာန၊ အကျိုးရသည်၊ ၊ နိစ္စအမြဲ သတိစွဲ။

[ဤကား စည်းစိမ်ဥစ္စာ ပြည့်စုံကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း]

mgyoe.com

mgyoe.com

## ကြည်ညိုခြင်း အကျိုး ၅ ပါး

၅၀။ ကြည်ညိုဖွယ်ရာ၊ ပြုကျင့်ရာ၌၊ ပညာရှိနှင့်၊ မိမိချီးမွမ်း၊ ကျော်ဝှန်းသတင်း၊ ကင်းသည်တွေဝေ၊ သေခါ နတ်ဘုံ၊ ရောက်လေတုံသည်၊ ၊ ပုံသေမလွဲ သတိစွဲ။

[ဤကား ကြည်ညိုဖွယ်ရာ ကာယကံ၌ ငါးပါး၊ ဝစီကံ၌ငါးပါး၊ မနောကံ သုစရိုက်တို့၌လည်း ငါးပါးစကားရပ် မှတ်ဖွယ်တည်း။

မကြည်ညိုဖွယ်ရာ ကာယကံဒုစရိုက်၊ ဝစီကံဒုစရိုက်၊ မနောကံ ဒုစရိုက်တို့၌လည်း ငါးပါးစီ ဗျတိရေက နည်းဖြင့် သိလေ။

တစ်နည်းလည်း ငါးပါးအနက်တွင် နောက် နှစ်ပါးကို ချ၊ ရှေ့သုံးပါး ကိုယူ၊ မသူတော်တရားမှ ထခြင်း၊ သူတော်ကောင်းတရား၌ တည်စေခြင်း၊ ဤနှစ်ပါးကို ထည့်၍ ငါးပါးရှစ်လီ အားဖြင့် တရားပေါင်း လေးဆယ် မှတ်ဖွယ်ဖြစ်၏ ]

## ကြည်ညိုဖွယ်ရာပြုလုပ်ခြင်း အကျိုး ၅ ပါး

၅၁။ မကြည်ညိုသူ၊ လွန်ကြည်ဖြူလိမ့်၊ ကြည်ညိုသူအား၊ ပွားတတ်လေရာ၊ သာသာနာလည်း၊ ပြုရာမှန်လှ၊ ပစ္ဆိမဇနတာ၊ ဒိဋ္ဌာနုဂတိ၊ လိုက်လေဘိ၍၊ မိမိစိတ်က၊ ကြည်ညိုရလိမ့်၊ ဖလငါးတန်၊ ရကြောင်းမှန်သည်၊ ၊ ဉာဏ်ဝယ် အမြဲသိအောင်ခဲ။

[ဤကား ကြည်ညိုဖွယ်ရာ အရုပ် ရေးခြင်း၊ တံမြက်လှည်းခြင်း စသော အမှုတို့ကို ပြုရာ၌ အကျိုးငါးပါး စကားရပ် မှတ်ဖွယ်တည်း။

တံမြက် မလှည်းခြင်း စသော မကြည်ညိုဖွယ်ရာကို ပြုရာ၌ အပြစ်ငါးပါးကိုလည်း ဤမှပြန်၍ ဗျတိရေက နည်းဖြင့်သိလေ၏ ]

## သီလအကျိုး ၅ ပါး

၅၂။ သီလရှိရာ၊ အကျိုးမှာကား၊ များစွာ စည်းစိမ်၊ ကောင်းရှိန် သတင်း၊ ကင်းသည် ရွံ့ရှာ၊ လေးဖြာ ပရိသတ်၊ ကပ်သည်ကာလ၊ ကင်းထတွေဝေ၊ သေခါ နတ်ရွာ၊ ရောက်လေရာသည်၊ ၊ ငါးဖြာကောင်းကျိုး ရအောင်ကြိုး။

[ဤကား သီလအကျိုးငါးပါး စကားရပ်မှတ်ဖွယ်တည်း။

mgyoe.com

သီလ မရှိခြင်း အပြစ်ငါးပါးကိုလည်း ဤမှပြန်၍ ဗျတိရေကနည်းဖြင့် သီလေ]

## ကျောင်းထိုင်ပုဂ္ဂိုလ် ငရဲလားကြောင်း တရား ၅ ပါး

၅၃။ ကျောင်းနေဆရာ၊ အပြစ်မှာကား၊ အာဝါသနှင့်၊ ကုလ လာဘာ၊ ဝဏ္ဏာ ဓမ္မ၊ ဤငါးဝကြောင့်၊ ကျလိမ့်နောင်လာ၊ ပြိတ္တာငရဲ၊ ပြေးမလွဲ သည်၊ ၊ မြဲပါစေကား ကျောင်းနေအား။

[ဤကား ကျောင်းနေပုဂ္ဂိုလ် အပါယ်လားကြောင်း ငါးပါး စကားရပ် မှတ်ဖွယ် တည်း]

## ပဉ္စာနန္တရိယကံ ၅ ပါး

၅၄။ အမိ အဖ၊ သတ်ထ ရဟန္တာ၊ သံဃာသင်းခွဲ၊ သွေးစိမ်းထဲက၊ ငါးဝ ဂရုကံ၊ လားလိမ့်မှန်သည်၊ ၊ ဧကန်မယွင်း ဝီစိဆင်း။

[ဤကား အဝီစိငရဲကြီးသို့ ရောက်ကြောင်း ပဉ္စာနန္တရိယကံငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## အသံနေအသံထားဖြင့် တရားဟောခြင်း အပြစ် ၅-ပါး

၅၅။ အသံရှည်စွာ၊ ဟောရာအပြစ်၊ ငါးပါးဖြစ်လိမ့်၊ တပ်ရစ်အသံ၊ နှစ်တန် ယူထ၊ ကဲ့ရဲ့ကြလိမ့်၊ ပျက်ထ သမာမိ၊ ဂတိဒိဋ္ဌာ၊ နောင်လာသူအား၊ နည်းကား ယူထွေ၊ လိုက်ကြလေသည်၊ ၊ ရှောင်လေရှင်းရှင်း လွတ်အောင်ကွင်း။

[ဤကား အသံကို ရှည်စွာထား၍ တရားဟောရာ အပြစ်ငါးပါး စကားရပ် မှတ်ဖွယ် တည်း။]

## စိတ်၏ဆူးငြောင့် တံသင်းတရား ၅ ပါး

၅၆။ ဗုဒ္ဓ ဓမ္မ၊ သံဃ သိက္ခာ၊ ငါးဖြာသတင်း၊ သုံးဘော်ခြင်းနှင့်၊ မကင်းယုံမှား၊ ရှိတုံငြားက၊ ငါးပါးငြောင့်ဆူး၊ စိတ်ဝယ်စူးသည်၊ ၊ စူးကြမည်ကား သတိထား။

[ဤကား စေတောခိလ စိတ်၏ တံသင်းငါးပါး စကားရပ် မှတ်ဖွယ်တည်း]

## စိတ်ကို နှောင်ဖွဲ့ခြင်း တရား ၅ ပါး

၅၇။ ကာမ ကာယ၊ ရူပဝိဥ္စယ်၊ သုံးသွယ်တပ်ခြင်း၊ မကင်းလေပါ၊ သုံးဖြာသုခ၊ ခံစားကြခဲ့၊ တောင့်တနတ်ရွာ၊ ဤငါးဖြာသည်၊ ၊ ဖွဲ့ရာမမှား ကြိုး အလား။

[ဤကား စေတောဝိနိဗန္ဓ စိတ်ကို နှောင်ဖွဲ့ခြင်း ငါးပါး စကားရပ် မှတ်ဖွယ်တည်း။

အလိုရှိတိုင်း ဝမ်းပြည့်အောင် စားပြီးလျှင် ညောင်စောင်း အင်ပျဉ်၌ အိပ်ခြင်း ၌သေယျသုခ၊ လက်ဝဲ လက်ယာ နံတောင်း လျောင်းခြင်း၊ အိပ်ခြင်း ချမ်းသာကို ခံစားခြင်း ဖဿသုခ၊ ငိုက်မျဉ်းခြင်း ချမ်းသာကို ခံစားခြင်း မိဒ္ဓသုခ၊ ဤသုံးပါးကို တစ်ပါးတည်း ယူလေ၊ ဤ ငါးပါး နှောင်ဖွဲ့သောသူအား မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရောက်ကြောင်း သူတော် ကောင်းတရားကို အားထုတ်ခြင်းငှာ မတတ်နိုင်ဟူလိုသည်။]

## လက်နက်ကြီး ၄ ပါး

၅၈။ သိကြား၊ ဝေဿဝဏ္ဏ၊ ယမမင်းနှင့်၊ အာဠဝကဘီလူး၊ မည်ထူး ထင်ရှား၊ လေးယောက်သားတို့၊ စွဲငြားလက်နက်၊ စက်ဝရဇိန်၊ အရှိန်ပြင်းထန်၊ နှင်တံတစ်မျိုး၊ မျက်စောင်းထိုးနှင့်၊ ပုဆိုးဘွဲ့ဖြူ၊ စဉ်သင့်ယူ၍၊ လေးဆူ လက်နက်၊ ကျမ်းအထွက်ကို၊ ကျက်မှတ်ဖွယ်ရာ၊ ညွှန်ပြမှာသည်၊ ၊ မကွာအမြဲ သိအောင်ခဲ။

[ဤကား လက်နက်ကြီးလေးပါး စကားရပ် မှတ်ဖွယ်တည်း။

သိကြားမင်း အမျက်ထွက်၍ လက်နက်ကို မြင်းမိုရ်တောင်ထိပ်သို့ လွှတ်သည် ရှိသော် ယူဇနာ တစ်သိန်းခြောက်သောင်း ရှစ်ထောင်ရှိသော အရပ်ကို ထုတ်ချင်း ထွင်း၍ အောက်သို့ သွားလေ၏။

ဝေဿဝဏ္ဏနတ်မင်း အမျက်ထွက်၍ နှင်တံကို လွှတ်သည်ရှိသော် ဘီလူး တစ်ထောင်တို့၏ ဦးခေါင်းကျ၍ ဟတ္ထပါသ်သို့ လာ၍ တည်လာပြန်၏။

ယမမင်း အမျက်ထွက်၍ မျက်စောင်းထိုး ကြည့်သည်ရှိသော် တစ်ထောင်သော ကုမ္ဘဏ်တို့သည် အိုးကင်းပူ ၌ နှမ်းကဲ့သို့ ဖရိုဖရဲ ပျက်စီးကုန်၏။

အာဠဝကဘီလူး အမျက်ထွက်၍ ဘွဲ့ဖြူလက်နက်ကို ကောင်းကင်သို့ လွှတ် သည်ရှိသော် တစ်ဆယ့်နှစ်နှစ် ပတ်လုံး မိုး မရွာဘဲ နေလေ၏။ မြေသို့ ပစ်သော်

mgyoe.com

တစ်ဆယ့်နှစ်နှစ်အတွင်း မြက်သစ်ပင်တို့သည် မပေါက်နိုင်ဘဲ ဖြစ်၏။ သမုဒ္ဒရာသို့ ပစ်က အိုးကင်း၌ ရေပေါက်ကဲ့သို့ အလုံးစုံသော ရေခန်းခြောက် လေရာ၏။ မြင်းမိုရ်တောင်ကိုပစ်သော် အပိုင်းအပိုင်း ပြတ်၍ ဖရိုဖရဲ ကြဲလေရာ၏။

ဤကား မဟာနုဘာဝ လက်နက် လေးပါး အာနုဘော်တည်း၊ သဂါထာ ဝဂ္ဂသံယုတ် အဋ္ဌကထာ (၂၉၆) လာ]

## သစ္စာတရား ၆*ပါး

၅၉။ ဝါစာ ဝိရတိ၊ ဒိဋ္ဌိ ဗြဟ္မ၊ ပရမတ္ထတစ်ဖြာ၊ သစ္စာ ခြောက်ပါး၊ မြတ်တရားကို၊ တစ်ပါးရသာ၊ မတူပါရှင့်၊ သစ္စာလေးမြတ်၊ သောက်ရတတ်က၊ ဥပဒ်ကင်းကွာ၊ လိုရာတောင့်တ၊ ပြည့်စုံရသည်၊ ၊ မုချမယွင်း မှန်၏မင်း။

[ဤကား သစ္စာခြောက်ပါး စကားရပ် မှတ်ဖွယ်တည်း၊ ၊ သဂါထာ ဝဂ္ဂသံယုတ် အဋ္ဌကထာလာ။

'သစ္စံ ဟဝေရသာနံ သာဓုတရံ' အဖွင့်မှာ ကြည့်လေ။ သစ္စာကြောင့် မိုးရွာခြင်း၊ မီး မလောင်ခြင်း၊ မြွေဆိပ်၊ မြားဆိပ် ကင်းခြင်း၊ မြစ်ရေ တန့်ခြင်း၊ အနာကင်းခြင်းစသော များစွာသော အကျိုးရှိ၏ ဟူလိုသည်။

မူလ–ဖလ–ပဏ္ဏ စသောအရသာတို့မှာ သရီရ ဇျူပြာန အရေအသား ပွားခြင်း အကျိုး၊ သံကိလေသိက သုခ ညစ်ညူးသော ချမ်းသာကိုသာ ဆောင်တတ်သည်။

သစ္စာအရသာမှာ သမထ၊ ဝိပဿနာ စသည်ဖြင့် စိတ္တဇျူပြာန စိတ်ပွားခြင်း အကျိုး၊ အသံ ကိလေသိက သုခ မညစ်ညူးသော ချမ်းသာကို ဆောင်တတ်သည်။ ထို့ကြောင့် အရသာတို့တွင် သစ္စာအရသာမြတ်၏ ဟု ဟောတော်မူသည်]

## ဘုရားကြိမ်းဝါးတော်မူရာ တရား ၄ ပါး

၆၀။ ဝိနယနှင့်၊ ဘုမ္မတစ်ဖြာ၊ ပစ္စယာ ကာရ၊ ယူထ တစ်ဖန်၊ သမယန္တရ၊ ဂမ္ဘီရကို၊ ငါမှတစ်ပါး၊ ဟောကြားခြင်းငှာ၊ မစွမ်းရာဟု၊ လေးဖြာဌာန၊ ကြိမ်းဝါးပသည်၊ ၊ နိစ္စ အမြဲညာဏ်၌စွဲ။

[ဤကား ဘုရားကြိမ်းဝါးတော်မူရာ ဉာဏ ပကာသေန တရား လေးပါး စကားရပ်

* ဤသစ္စာ ၆ ပါး၌ အရိယသစ္စာတစ်ပါး ထည့်သွင်းယူလိုဟန် ရှိသည်။

mgyoe.com